မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၇] ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၄/၂၀၂၂)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မည်သည့်ဒေသတွင်မဆို ရောက်ရှိနေသော ရဲတပ်ဖွဲ့ဝင်အားလုံးနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများလည်း ပါဝင်သည်။

(ဃ) **ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့က အတည်ပြုသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ဆိုသည်။

( င ) **တပ်ဖွဲ့** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့နှင့် သီးခြားလုပ်ငန်း တာဝန်ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ခွဲများ၊ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့များလည်း ပါဝင်သည်။

( စ ) **ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်ထားခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဆ) **ရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကို ဆိုသည်။

( ဇ ) **ဒုတိယရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ဒုတိယရဲချုပ်များအဖြစ် ခန့်အပ်ခြင်း ခံရသူများကို ဆိုသည်။

( ဈ ) **ပြန်တမ်းဝင်ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲမှူးနှင့် ယင်းအထက်အဆင့်ရှိ ရဲအရာရှိကို ဆိုသည်။

(ည) **ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲအုပ်နှင့် ယင်းအထက်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

( ဋ ) **အခြားအဆင့်** ဆိုသည်မှာ ရဲအရာခံအဆင့်နှင့် ယင်းအောက်ရှိ ရဲတပ်သားအဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

( ဌ ) **အရန်ရဲ** ဆိုသည်မှာ ရဲတပ်ဖွဲ့အတွက် လိုအပ်သည့်အချိန်တွင် ဤဥပဒေနှင့်အညီ ခန့်အပ်ခြင်းခံရသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

( ဍ ) **ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

( ဎ ) **စတင်ခန့်ရာထူး** ဆိုသည်မှာ ရဲတပ်ဖွဲ့သို့ စတင်ဝင်ရောက်နိုင်ရန် သတ်မှတ်ထားသည့် ရာထူးအဆင့်ကို ဆိုသည်။

(ဏ) **မသန်စွမ်းရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ထမ်းဆောင်စဉ် အကြောင်းတစ်ခုခုကြောင့် ကိုယ်အင်္ဂါတစ်ခုခုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ချို့ယွင်းသွားသော ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(တ) **ကျဆုံးရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ထမ်းဆောင်စဉ် ကျဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ထ) **ပစ္စည်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ငွေကြေး သို့မဟုတ် အဖိုးတန် စာတမ်းအမှတ်အသားတစ်ခုခု ပါဝင်သည်။

( ဒ ) **ကျွဲ၊ နွား၊ တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်၊ ခွေးနှင့်နွားနောက်များ ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ အစဉ်ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

( ခ ) နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်အားထားရသည့် အရည်အသွေးမြင့်မားပြီး စည်းကမ်းကောင်းမွန် သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

( ဂ ) ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်သည့် ရဲတပ်ဖွဲ့ဖြစ်စေရန်၊

(ဃ) နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရဲတပ်ဖွဲ့၏စွမ်းရည်နှင့် အရည်အသွေးမြင့်မားရေး ဆောင်ရွက်ရန်၊

( င ) လိုအပ်သည့်အချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၅။ ရဲတပ်ဖွဲ့တွင် ဖွဲ့စည်းထားရှိသော အောက်ပါရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးကျောင်းများသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည်ဟု မှတ်ယူလျက် ဆက်လက်တည်ရှိစေရမည်-

(က) ရဲတပ်ဖွဲ့ဌာနချုပ်၊

( ခ ) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊

( ဂ ) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊

(ဃ) တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့နှင့် နေပြည်တော်ရဲတပ်ဖွဲ့၊

( င ) သီးခြားလုပ်ငန်းတာဝန် ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များ-

(၁) မှုခင်းရဲတပ်ဖွဲ့

(၂) သတင်းရဲတပ်ဖွဲ့

(၃) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၅) ရေကြောင်းရဲတပ်ဖွဲ့

(၆) လေကြောင်းရဲတပ်ဖွဲ့

(၇) ရထားရဲတပ်ဖွဲ့

(၈) ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

(၉) ယာဉ်ထိန်းရဲတပ်ဖွဲ့

(၁၀) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့

(၁၁) အမြန်လမ်းမကြီးရဲတပ်ဖွဲ့

(၁၂) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့

(၁၃) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့

(၁၄) စည်ပင်သာယာရဲတပ်ဖွဲ့(နေပြည်တော်)

(၁၅) စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)

(၁၆) စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)

( စ ) ရဲလေ့ကျင့်ရေးကျောင်းများ။

၆။ (က) အစိုးရအဖွဲ့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားကိုရယူ၍ ရဲတပ်ဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရဲတပ်ဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

၇။ အစိုးရအဖွဲ့သည် ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံကို အတည်ပြုခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ရာထူးအဆင့်များ၊ ချိန်နှုန်းလစာများ သတ်မှတ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ကျွမ်းကျင်မှု၊ လုပ်ငန်းအတတ်ပညာနှင့် လုပ်ငန်းသဘာဝအရ စုစည်းဖွဲ့စည်းခြင်း၊ ယင်းတို့၏ လုပ်ငန်းတာဝန်များကို စိစစ်သုံးသပ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံ၊ အင်အား၊ လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်ရန် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြနိုင်သည်။

## အခန်း (၄)
## ခန့်အပ်ခြင်း

၉။ (က) နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ညှိနှိုင်းပြီး ရဲချုပ်ကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်း တို့ကို ပြုလုပ်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယရဲချုပ်များကို ခန့်အပ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့သည် ရဲချုပ်၊ ဒုတိယရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ အဆင့်အတန်းနှင့် အဆောင်အယောင်ကို သတ်မှတ်နိုင်သည်။

၁၁။ ရဲချုပ်သည် သတ်မှတ်ချက်များနှင့်အညီ-

(က) ပြန်တမ်းဝင်ရဲအရာရှိ စတင်ခန့်ရာထူးအတွက် ဝန်ကြီးဌာနသို့ တင်ပြ၍ ရွေးချယ်ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသော ရာထူးမှအပ အခြားစတင်ခန့်ရာထူးများအတွက် လိုအပ်သည့် ရဲတပ်ဖွဲ့ဝင်များကို ရွေးချယ်ခန့်ထားရမည်။

(ဂ) ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ တပ်ဖွဲ့နှင့်ကျောင်းများ၏ တပ်ဖွဲ့မှူးများနှင့်ကျောင်းအုပ်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) ပြန်တမ်းဝင်ရဲအရာရှိများအား ပြောင်းရွှေ့တာဝန်ပေးခြင်းကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(င) ပြန်တမ်းဝင်မဟုတ်သောရဲအရာရှိများ ပြောင်းရွှေ့တာဝန်ချထားခြင်းကို ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရမည်။

(စ) တပ်ဖွဲ့နှင့်ရဲလေ့ကျင့်ရေးကျောင်းများမှ အရာရှိမဟုတ်သူတပ်ဖွဲ့ဝင်များ၏ ပြောင်းရွှေ့တာဝန်ချထားခြင်းကို ယင်းတပ်ဖွဲ့နှင့် ကျောင်းတို့မှ တပ်ဖွဲ့မှူးနှင့် ကျောင်းအုပ်ကြီးများက ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၁၂။ ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင် စတင်ခန့်ရာထူးအလိုက် အစမ်းခန့်ကာလ၊ အရည်အချင်းနှင့် စည်းကမ်း သတ်မှတ်ချက်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် လိုအပ်သလို သတ်မှတ်နိုင်သည်။

၁၃။ ရဲချုပ်သည်-

(က) ပြန်တမ်းဝင်ရဲအရာရှိတစ်ဦးကို အခြားဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံ၍ ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ပြောင်းရွှေ့ခန့်ထားလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပြန်တမ်းဝင်ရဲအရာရှိမှအပ ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးကို ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၄။ ရဲချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်-

(က) ဒုတိယရဲချုပ် (၁) သည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(၁) စီမံရေးနှင့် အုပ်ချုပ်ရေးတာဝန်များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများ၏ လုပ်ငန်းတာဝန်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

(၃) လေ့ကျင့်ရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို ကြီးကြပ်ရမည်။

(၄) တပ်ဖွဲ့နှင့်သက်ဆိုင်သည့်မူဝါဒဆိုင်ရာကိစ္စရပ်များကို ဆုံးဖြတ်အတည်ပြုနိုင်ရန် စိစစ်တင်ပြရမည်။

(၅) ရဲချုပ်က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) ဒုတိယရဲချုပ် (၂) သည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(၁) လုံခြုံရေးနှင့် မှုခင်းဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများ၏ လုပ်ငန်းတာဝန်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

(၃) လုံခြုံရေး၊ မှုခင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်မူဝါဒများကို ချမှတ်ရမည်။

(၄) ရုံး၊ ရဲစခန်း၊ ရဲကင်းများ၏ အခင်းအကျင်းမှန်ကန်စေရေးနှင့် စစ်ဆေးရေးလုပ်ငန်းများအပေါ် ကြီးကြပ်ရမည်။

(၅) ရဲချုပ်က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၅)
## အရန်ရဲ ခန့်အပ်ခြင်း

၁၅။ ရဲချုပ်သည် အရန်ရဲ ခန့်အပ်ခြင်း၊ ဖွဲ့စည်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ လုပ်ငန်းတာဝန် သတ်မှတ်ပေးခြင်း၊ အခွင့်အရေး၊ ရပိုင်ခွင့်စသည်တို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၁၆။ အရန်ရဲ ခန့်အပ်ခြင်းခံရသူသည် ရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၆)

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၇။ ရဲချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရဲတပ်ဖွဲ့၏ မူဝါဒကို အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ချမှတ်ခြင်း၊

(ခ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ချမှတ်ခြင်း၊

(ဂ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် စီမံကြီးကြပ်ခြင်း၊

(ဃ) ရဲတပ်ဖွဲ့အား တာဝန်ခံကြီးကြပ်အုပ်ချုပ်ခြင်း၊

(င) ရဲတပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ အခွင့်အရေး၊ လစာ၊ စရိတ်ချီးမြှင့်ငွေနှင့် ထောက်ပံ့စရိတ်များရရှိရေး သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း၊

(စ) ရဲတပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ ကျင့်ဝတ်သိက္ခာများ စောင့်စည်းလိုက်နာရေး၊ စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊

(ဆ) ရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် ကျင့်ဝတ်များ၊ တည်မြဲအမိန့်များ၊ ရဲတပ်ဖွဲ့ဆိုင်ရာ ဆောင်ပုဒ်များကို ထုတ်ပြန်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(ဇ) ရဲတပ်ဖွဲ့၏ စွမ်းရည်မြှင့်တင်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း၊

(ဈ) ရဲတပ်ဖွဲ့အတွက် လိုအပ်သည့် ဘဏ္ဍာရေး၊ ထောက်ပံ့ရေးနှင့် ဖြည့်တင်းရေးဆိုင်ရာကိစ္စများကို ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီမံဆောင်ရွက်ခြင်း၊

(ည) ရဲလုပ်ငန်းနှင့်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ဝန်ကြီးဌာနနှင့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ ပြင်ဆင်ရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဌ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဍ) ရဲတပ်ဖွဲ့ဝင်များအား ခွင့်ပေးပိုင်ခွင့်ရှိသူကို သတ်မှတ်ခြင်း။

၁၈။ ရဲတပ်ဖွဲ့ဝင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေခြင်း၊

(ခ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်၊ လုပ်ငန်းတာဝန်များနှင့် ဥပဒေနှင့်အညီပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(ဃ) နိုင်ငံတော်၏ မည်သည့် နေရာဒေသတွင်မဆို တာဝန်ဝတ္တရားများကို နေ့ ည အချိန်မရွေး ဆောင်ရွက်ခြင်း၊

(င) တာဝန်ဝတ္တရားဆောင်ရွက်ရာတွင် တရားမျှတစွာ ဆောင်ရွက်ခြင်း၊

(စ) ဘေးအန္တရာယ်ကျရောက်သည့်အခါ အများပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းဥစ္စာတို့ကို ကယ်ဆယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊

(ဇ) ရဲတပ်ဖွဲ့ဝင်တိုင်းလိုက်နာရမည့် စည်းကမ်းနှင့်ကျင့်ဝတ်များကို စောင့်စည်းလိုက်နာခြင်း၊

(ဈ) နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ည) ပြည်သူလူထုအား ဝန်ဆောင်မှုပေးခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဋ) ပိုင်ရှင်မရှိသောပစ္စည်းများကို ထိန်းသိမ်း၍ ပိုင်ရှင်စုံစမ်းရှာဖွေခြင်းနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ စီမံခန့်ခွဲမှုရယူခြင်း။

၁၉။ ရဲတပ်ဖွဲ့ဝင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့်၊

(ခ) တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အများပြည်သူဆိုင်ရာနေရာများနှင့် အများပြည်သူတို့ ပျော်ရွှင်မှုအတွက် စုဝေးရာနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ခွင့်၊

(ဂ) တာဝန်ဝတ္တရားများဆောင်ရွက်ရာတွင် ဤဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်၌ ဖော်ပြထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်ခွင့်၊

(ဃ) နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်း ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နည်းဥပဒေများ၊ ရဲလက်စွဲများနှင့်အညီ ကျင့်သုံးဆောင်ရွက် နိုင်ခွင့်၊

(င) တည်ဆဲဥပဒေချိုးဖောက်သူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခွင့်။

၂၀။ ရဲစခန်းမှူးနှင့်အထက် ရဲအရာရှိတစ်ဦးဦးသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး အတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်၊ အဆောက်အအုံ၊ ဝင်းခြံ၊ ပရဝဏ်နှင့် ယာဉ်တစ်ခုခုသို့ လုံလောက်သော အကြောင်းပြချက်ဖြင့် ဥပဒေနှင့်အညီ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည် သို့မဟုတ် ထိုသို့ ဝင်ရောက်စစ်ဆေးရန် ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးကို လွှဲအပ်နိုင်သည်။

## အခန်း (၇)

## လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များဆောင်ရွက်ခြင်း

၂၁။ ရဲတပ်ဖွဲ့သည် မြို့၊ ရွာများလုံခြုံရေး၊ အများပြည်သူတို့၏ အသက်၊ အိုးအိမ်နှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ လုံခြုံရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးရမည်။

၂၂။ ရဲတပ်ဖွဲ့သည် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေသည့် သို့မဟုတ် ထိခိုက်နစ်နာစေသည့် ကိစ္စရပ်များနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နစ်နာစေနိုင်သော မည်သည့် ကိစ္စကိုမဆို ကြိုတင်ကာကွယ်တားဆီးရမည့်အပြင် ဥပဒေ၏အကာအကွယ်ကို တန်းတူညီမျှရရှိစေရန် ဆောင်ရွက်ပေးရမည်။

၂၃။ ရဲတပ်ဖွဲ့သည် အများပြည်သူအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြစ်မှု ကြိုတင် ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၂၄။ ရဲတပ်ဖွဲ့သည် နိုင်ငံဖြတ်ကျော်မှုခင်းများကို သက်ဆိုင်ရာဌာနများနှင့်ဖြစ်စေ၊ လိုအပ်ပါက နိုင်ငံတကာ ရဲတပ်ဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်း၍ တားဆီးကာကွယ် အရေးယူ ဆောင်ရွက်ရမည်။

## အခန်း (၈)

## လေ့ကျင့်သင်ကြားရေး

၂၅။ ရဲချုပ်သည် ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်တိုးတက်မြင့်မားစေရန် လေ့ကျင့်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို စီမံဆောင်ရွက်ရမည် –

(က) ရဲတပ်ဖွဲ့ဆိုင်ရာ ရဲလေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ခြင်း၊

(ခ) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု၊ ဘာသာစကား၊ လူမှုဆက်ဆံရေးအပါအဝင် အခြားအသိပညာ၊ အတတ်ပညာရပ်များနှင့် နည်းပညာရပ်များကို ဘက်စုံသင်ကြားပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဂ) ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်းပြည်ပ တက္ကသိုလ်များတွင် ရဲလုပ်ငန်းပညာရပ်၊ ဥပဒေ၊ ဘာသာစကားနှင့် အခြားအတတ်ပညာရပ်များ တက်ရောက်သင်ကြားစေခြင်း၊

(ဃ) ရဲတပ်ဖွဲ့ဝင်များကို အခြားဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ရဲတပ်ဖွဲ့ဝင်များကို ပြည်ပသင်တန်းများ စေလွှတ်တက်ရောက်စေခြင်း၊

(စ) ရဲတပ်ဖွဲ့ဝင်များကို ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခြင်း၊

(ဆ) ရဲတပ်ဖွဲ့ဝင်များ၏ အရည်အသွေးတိုးတက်စေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု၊ ဘက်စုံပညာရပ်များ မြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများကို အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတကာတွင် ပြောင်းလဲကျင့်သုံးနေသော ရဲလုပ်ငန်းစနစ်များ၊ ရဲတပ်ဖွဲ့ဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို အမြဲလေ့လာသုံးသပ်၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် လေ့ကျင့်သင်ကြားရေးမူဝါဒများ၊ ရေတိုရေရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) ရဲတပ်ဖွဲ့၏လေ့ကျင့်ရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာ၊ ငွေကြေး၊ ပစ္စည်းကူညီထောက်ပံ့မှုများ ရယူခြင်း။

၂၆။ ရဲတပ်ဖွဲ့ဝင်တိုင်းသည် သတ်မှတ်ထားသည့် သင်တန်းများကို တက်ရောက်ရမည်။

## အခန်း (၉)

## ရဲတပ်ဖွဲ့ဝင်၏ အခွင့်အရေးများ

၂၇။ (က) ရဲတပ်ဖွဲ့ဝင်သည် အောက်ပါအခြေခံ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်–

(၁) အလုပ်တည်မြဲခွင့်၊

(၂) လုပ်ငန်းခွင် အာမခံချက်ရရှိခွင့်၊

(၃) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ ခံစားခွင့်၊

(၄) ရာထူးတိုးမြှင့်ခွင့်၊

(၅) ပညာလေ့လာဆည်းပူးခွင့်၊

(၆) ခွင့်ခံစားခွင့်၊

(၇) ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(၈) ဆေးစစ်ဆေးခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(၉) အငြိမ်းစားယူခွင့်၊

(၁၀) တာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်သော ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

(၁၁) အမျိုးသမီးရဲတပ်ဖွဲ့ဝင်ဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားရဲတပ်ဖွဲ့ဝင်များနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊

(၁၂) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသောအသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(၁၃) ရဲတပ်ဖွဲ့ဝင်၏ ခံစားခွင့် ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံဝင်ခွင့်၊

(၁၄) ရာထူးအနွယ် ပိုင်ဆိုင်ခွင့်၊

(၁၅) ကူးပြောင်းချိန် ခံစားခွင့်၊

(၁၆) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန် ထမ်းဆောင်ခွင့်၊

(၁၇) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာ ခံစားခွင့်၊

(၁၈) မသန်စွမ်းရဲတပ်ဖွဲ့ဝင်နှင့် ကျဆုံးရဲတပ်ဖွဲ့ဝင်၏ မိသားစုသည် နိုင်ငံတော်၏ ထောက်ပံ့မှုကို ရယူခံစားနိုင်ခွင့်၊

(၁၉) သတ်မှတ်လုပ်သက်ပြည့်ပါက နုတ်ထွက်နိုင်ခွင့်၊

(၂၀) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့်။

( ခ ) ရဲချုပ်သည် ပုဒ်မခွဲ (က) ပါ အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)
## ရာထူးတိုးမြှင့်ခြင်း

၂၈။ ဝန်ကြီးဌာနသည် ရဲတပ်ဖွဲ့ဝင်၏ ရာထူးတိုးမြှင့်ရေးအတွက် အနည်းဆုံးလိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးနှင့်လုပ်သက်သတ်မှတ်ချက်များကို သတ်မှတ်ထားရမည်။

၂၉။ (က) ရဲတပ်ဖွဲ့ဝင်သည်–

(၁) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု အရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့်ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်လျှင် သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ရာထူးတိုးမြှင့် ခံစားပိုင်ခွင့်ရှိသည်။

(၂) ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်။

(၃) အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုပေါ်မူတည်၍ သက်ဆိုင်ရာ အရည်အချင်း စစ်ဆေးရေးအဖွဲ့၏ ထောက်ခံမှုအရ ချီးမြှင့်သည့်အနေဖြင့် ရာထူးတိုးမြှင့်ခြင်းကို ခံစားပိုင်ခွင့် ရှိသည်။

(၄) အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်ချက်အရ ရဲတပ်ဖွဲ့ဌာနချုပ်က ရေးဆွဲ အတည်ပြုထားသည့် တန်းစီဇယားတွင်ပါဝင်ပြီး ရာထူးတိုးမြှင့်ပေးရန် သတ်မှတ်ချက်နှင့် ညီညွတ်ပါက ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

( ခ ) ဌာနပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော်လည်း ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအင်အားတွင် ပါဝင်ပါက ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစား ရမည်။

၃၀။ ပြန်တမ်းဝင်ရဲအရာရှိ အဆင့်ဆင့်ရာထူးတိုးမြှင့်ရာတွင် ရဲတပ်ဖွဲ့ဌာနချုပ်က အတည်ပြုထားသော တန်းစီဇယားတွင်ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်အား ဝန်ကြီးဌာန၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရမည်။

၃၁။ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ရာထူးတိုးမြှင့်ပေးရာတွင် လက်ရှိရာထူးနှင့် တစ်ဆင့်မြင့်ရာထူးအတွက် သတ်မှတ်ထားသည့် သင်တန်းတက်ရောက်ပြီးသည့် ရဲတပ်ဖွဲ့ဝင်အား ဦးစားပေး စဉ်းစားရမည်။

၃၂။ ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံစေကာမူ ယင်းအား ရာထူးတိုးမြှင့်ပေးခြင်း မပြုရ-

(က) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ ပြင်းထန်စွာ ပြစ်တင် ရှုတ်ချခြင်းခံရသည့်နေ့မှ ခြောက်လအတွင်း၊

( ခ ) နှစ်တိုးလစာရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ နှစ်တိုးလစာ ရပ်ဆိုင်းသည့် ကာလအတွင်း၊

( ဂ ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်စေ ပျက်စီး ဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုး အပြည့်အဝကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း ပေးလျော်ရသောကိစ္စမျိုးတွင် ဆုံးရှုံးမှု တန်ဖိုးကို ပြန်လည်ပေးလျော်စေရန် အမိန့် ချမှတ်သည့်နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကြေပေးလျော်သည့်နေ့၊ ထိုနေ့နှစ်ခုတို့အနက် စောရာနေ့ အထိ၊

(ဃ) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့် လျှော့ချခြင်းခံရလျှင် မူလ လစာအဆင့်သို့ ပြန်လည် မရောက်မချင်း၊

( င ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ အရသော်လည်းကောင်း အရေးယူခံနေရစဉ်ကာလအတွင်း၊

( စ ) ရာထူးလျှော့ချသည့်ပြစ်ဒဏ် ပေးခြင်းခံရပါက ယင်းရာထူးလျှော့ချသည့် အမိန့်ပါသတ်မှတ်ကာလအတွင်း၊

(ဆ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်းခံရစဉ်ကာလအတွင်း၊

( ဇ ) ဆေးအဆင့် (က) မရှိခြင်း၊

(ဈ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်းပြစ်ဒဏ်ခံရလျှင် ယင်းသို့ ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းသည့်ကာလ အတွင်း၊

(ည) အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်လျှော့ချပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင် ယင်းပြစ်ဒဏ်ချမှတ် ခံရသည့်နေ့မှ ခြောက်လအတွင်း။

## အခန်း (၁၁)
## ချီးမြှင့်ခြင်း

၃၃။ ရဲချုပ်သည်-

(က) တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်အား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်နှစ်တိုးလစာ ချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ရဲတပ်ဖွဲ့ဝင်အား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်နိုင်ရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြနိုင်သည်။

(ဂ) ချိန်နှုန်းလစာ ရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်အား ချီးမြှင့်သည့်အနေဖြင့် အချိန်မစေ့မီ ကြိုတင်နှစ်တိုးကို တစ်ဆင့်ဖြစ်စေ၊ တစ်ဆင့်ထက်ပို၍ဖြစ်စေ ဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၄။ ရဲချုပ်သည် ကြိုတင်နှစ်တိုးခွင့်ပြုနိုင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြန်တမ်းဝင်ရဲအရာရှိအား ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိမဟုတ်သည့် ရဲတပ်ဖွဲ့ဝင်အားလည်းကောင်း အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ဆောင်ရွက်ရမည်-

(က) ရာထူးအတွက် သာမန်အားဖြင့် လိုအပ်သောအရည်အချင်းထက် ထူးကဲသာလွန်သော အရည်အချင်းနှင့် အတွေ့အကြုံများ ဆည်းပူးရရှိထားသည့်သူကို ရဲတပ်ဖွဲ့ဝင်အဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦးလစာ တိုးမြှင့်သတ်မှတ်ပေးသင့်သည့်ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ရဲတပ်ဖွဲ့ဝင်ကို ချီးမြှင့်ထိုက် သည့်ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူးတစ်ခုခုကြောင့် ရဲတပ်ဖွဲ့ဝင်ကို ကြိုတင်နှစ်တိုး ပေးသင့်သည့် ကိစ္စဖြစ်ခြင်း။

၃၅။ ရဲချုပ်သည် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန် များကို ထမ်းဆောင်ရာတွင် စွမ်းစွမ်းတမံ၊ သက်စွန့်ကြိုးပမ်းဆောင်ရွက်သော ရဲတပ်ဖွဲ့ဝင်အား ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုဖြင့် စိစစ်ပြီး ထိုက်သင့်သော ရာထူးအဆင့်တိုးမြှင့်၍ ချီးမြှင့်နိုင်သည်။ ရာထူးအဆင့်တိုးမြှင့်ချီးမြှင့် ခြင်းခံရမည့် ပြန်တမ်းဝင်ရဲအရာရှိဖြစ်ပါက ဝန်ကြီးဌာနသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## ခွင့်ခံစားခြင်း

၃၆။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါခွင့်အမျိုးအစားများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါ ကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) ပညာလေ့လာဆည်းပူးခွင့်။

၃၇။ ရဲတပ်ဖွဲ့ဝင်သည်-

(က) ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။

(ခ) အစမ်းခန့်ကာလတွင် သတ်မှတ်ထားသည့်ခွင့်ကို ခံစားခွင့်ရှိသည်။

(ဂ) ခွင့်ခံစားနေစဉ် မိမိအား ခွင့်ပြုထားသည့် ခွင့်ကာလမကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည် ဝင်ရောက်လိုပါက သက်ဆိုင်ရာ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်ရမည်။

(ဃ) ခွင့်ကာလကုန်ဆုံးသော်လည်း တာဝန်ပြန်လည်ထမ်းဆောင်ခြင်းမရှိပါက ကျော်လွန်သည့် ကာလအတွက် ခွင့်လစာခံစားခွင့်မရှိ။

(င) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်မဲ့ပျက်ကွက်ပါက ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခံရမည်။

၃၈။ ခွင့်ပေးပိုင်ခွင့်ရှိသူသည်-

(က) အများပြည်သူအကျိုးငှာ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင်တစ်ဦး တောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသော ခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေသော ရဲတပ်ဖွဲ့ဝင်ကို ပြန်လည်ခေါ်ယူခြင်း ပြုနိုင်သည်။

(ခ) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ခံစားနေသည့် ရဲတပ်ဖွဲ့ဝင်အား ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိခဲ့စေကာမူ ယင်း၏ အငြိမ်းစားယူခွင့် လျှောက်ထားခြင်းကို ပြန်လည် ရုပ်သိမ်းခြင်း မပြုရ။

၃၉။ ရဲတပ်ဖွဲ့ဝင်သည်-

(က) အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို ပျမ်းမျှလစာဖြင့် ခံစားနိုင်သည်။

(ခ) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီ တောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့် ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့် ခွင့်ကာလကို အငြိမ်းစား ယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိရမည်။

## အခန်း (၁၃)
## စည်းကမ်းထိန်းသိမ်းရေး

၄၀။ ရဲတပ်ဖွဲ့ဝင်တိုင်းသည် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရဲကျင့်ဝတ်နှင့် ရဲတပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၁။ ရဲတပ်ဖွဲ့ဝင်သည် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယင်းဥပဒေအရသာလျှင် အရေးယူရမည်။ အခြားပြစ်မှုကို ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူရမည်။

၄၂။ ရဲတပ်ဖွဲ့ဝင်အား တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူရန် လိုအပ်ပါက–

(က) ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးအရေးယူမှုဖြစ်ပြီး တာဝန်ထမ်းဆောင်ခြင်းနှင့် အကျုံးဝင်လျှင် ရဲချုပ်ထံမှ တရားစွဲဆိုခွင့်ပြုမိန့် ရယူရမည်။

(ခ) အခြားတရားစွဲ အဖွဲ့အစည်းတစ်ခုခုက စုံစမ်းစစ်ဆေး အရေးယူမှုဖြစ်လျှင် ရဲချုပ်ထံမှ ဖမ်းဆီးချုပ်နှောင်ခွင့်နှင့် တရားစွဲဆိုခွင့် ရယူရမည်။

၄၃။ (က) ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူပေးရန် နစ်နာသူတစ်ဦးဦးက တရားရုံးသို့ လျှောက်ထားလာပါက တရားရုံးသည် သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ စာဖြင့် အသိပေးအကြောင်းကြားရမည်။ ယင်းတပ်ဖွဲ့ဝင်အပေါ် အပြီးသတ်အမိန့်ချမှတ်သည့်အခါ စီရင်ချက်မိတ္တူတစ်စောင်ကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ ပေးပို့ရမည်။

(ခ) ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သက်ဆိုင်ရာ ကြီးကြပ်အုပ်ချုပ်သောအရာရှိထံ ရက်ပေါင်း ၃၀ စာဖြင့် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ၎င်း၏လုပ်ငန်းတာဝန်များ ဆောင်ရွက်မှု နှင့်စပ်လျဉ်းသည့် နစ်နာမှုတစ်ခုခုအတွက် မည်သည့်တရားရုံးတွင်မျှ တရားမမှု စွဲဆိုခွင့် မရှိစေရ။

၄၄။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားရုံးတစ်ခုခုက စုံစမ်းစစ်ဆေးခြင်း၊ စစ်ဆေးစီရင်ခြင်းအတွက် ဆင့်ခေါ်ခြင်းမှအပ ဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုမှ စုံစမ်းစစ်ဆေးရန် စာဖြင့် ဆက်သွယ်ညှိနှိုင်းအကြောင်းကြားလာပါက သက်ဆိုင်ရာရဲတပ်ဖွဲ့သည် ရဲတပ်ဖွဲ့ ဌာနချုပ်သို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

## အခန်း (၁၄)

## အငြိမ်းစားယူခြင်း

၄၅။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါပင်စင်အမျိုးအစားများအနက် တစ်မျိုးမျိုးကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်–

(က) သက်ပြည့်ပင်စင်၊

(ခ) နှစ်ပြည့်ပင်စင်၊

(ဂ) လျော့ပေါ့ပင်စင်၊

(ဃ) နာမကျန်းပင်စင်၊

(င) အထူးပင်စင်။

၄၆။ (က) ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် –

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် (၆၀) နှစ် ပြည့်သောအခါ အငြိမ်းစားယူရမည်ဖြစ်ပြီး သက်ပြည့်ပင်စင်ခံစားခွင့် ရှိစေရမည်။

(၂) အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း လုပ်သက် နှစ် ၃၀ ပြည့်သည့် အခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။

(၃) အသက် ၅၅ နှစ်ပြည့်ပြီး လုပ်သက် နှစ် ၂၀ ကျော်လွန်လျှင်သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီး လုပ်သက် ၂၅ နှစ် ကျော်လွန်လျှင်သော်လည်းကောင်း လျော့ပေါ့ပင်စင် ခံစားခွင့်တောင်းခံနိုင်သည်။

(၄) မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသည့် ဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် နာမကျန်းပင်စင် ခံစားခွင့်ရှိစေရမည်။

(၅) ပုဒ်မခွဲငယ် (၁) မှ (၄)ထိ ပင်စင်တစ်မျိုးမျိုးကို ခံစားခွင့်ရရှိရန် သတ်မှတ်ထားသည့် လုပ်သက် ပြည့်မီခြင်းမရှိပါက လုပ်သက်ဆုငွေ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

(ခ) တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာ ရရှိ၍ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ၊ ကျဆုံးသွားလျှင်ဖြစ်စေ၊ သတ်မှတ်လုပ်သက် မပြည့်မီသော်လည်း ယင်းတပ်ဖွဲ့ဝင်အား သို့မဟုတ် ကျဆုံးတပ်ဖွဲ့ဝင်၏ မိသားစုအား ဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် အထူးပင်စင် ခံစားခွင့်ပြုနိုင်သည်။

၄၇။ ရဲတပ်ဖွဲ့ဝင်သည် ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ နှစ်ပြည့်ပင်စင် တောင်းခံသည့်အခါ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်း မပြုရ။

၄၈။ ပင်စင်နှင့်လုပ်သက်ဆုငွေတို့ကို ခွဲခြား၍ သုံးစွဲသည့်အခါမှတစ်ပါး ပင်စင်ဟူသော ဝေါဟာရတွင် လုပ်သက်ဆုငွေလည်း ပါဝင်သည်။

၄၉။ ရဲတပ်ဖွဲ့ဝင်တစ်ဦး အမှုထမ်းနေစဉ်ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူ မိသားစုသည် မိသားစုပင်စင် ခံစားခွင့်ရှိသည်။

၅၀။ ရဲတပ်ဖွဲ့ဝင်သည် နာမကျန်းပင်စင်ယူပြီးနောက် ပြန်လည်ခန့်ထားခံရလျှင်ဖြစ်စေ၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ကို ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အသနားခံခြင်းကြောင့် ပြန်လည် ခန့်ထားခြင်းခံရလျှင်ဖြစ်စေ ယင်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကို ပင်စင် ကိစ္စအလို့ငှာ သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းရေတွက် ခွင့်ပြုနိုင်သည်။

၅၁။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူခံနေရစဉ်အတွင်း အငြိမ်းစား ယူရမည့် အသက်ပြည့်စေကာမူ အပြီးသတ်အမိန့် မချမှတ်ရသေးမီ အငြိမ်းစားယူခွင့် မပြုရ။

၅၂။ ရဲတပ်ဖွဲ့ဝင်သည်-

(က) လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်ကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ခံစားခွင့်ရှိသည်။

(ခ) ဆန္ဒပြုပါက သက်ဆိုင်ရာဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ရှိသည်။

၅၃။ မသန်စွမ်းရဲတပ်ဖွဲ့ဝင်နှင့် ကျဆုံးရဲတပ်ဖွဲ့ဝင်များ၏ မှတ်တမ်းဝင် အမွေခံစားခွင့်ရှိသူသည် ပင်စင် ခံစားနိုင်ခွင့်ရှိသည့်အပြင် နိုင်ငံတော်မှပေးအပ်သည့် ထောက်ပံ့မှုတစ်ရပ်ရပ်ကိုလည်း သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိသည်။

၅၄။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၃ အရ ထောက်ပံ့မှု ရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၁၅)

## ရဲတပ်ဖွဲ့ဝင်မှတ်တမ်း

၅၅။ ရဲတပ်ဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်မှ အငြိမ်းစားယူသည်အထိ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ ဖြစ်စဉ်မှတ်တမ်းကို သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၅၆။ ရဲတပ်ဖွဲ့ဝင်သည် ဌာနကူးပြောင်း တာဝန်ထမ်းဆောင်လျှင် ယင်း၏ဖြစ်စဉ်မှတ်တမ်းကို ကူးပြောင်း တာဝန်ထမ်းဆောင်သည့်ဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၆)
## ထောက်ပံ့ရေးနှင့် ဖြည့်တင်းရေး

၅၇။ ရဲချုပ်သည် ရဲတပ်ဖွဲ့အတွက် လိုအပ်သော နေအိမ်၊ ရုံး၊ အဆောက်အအုံ၊ ယာဉ်၊ ခေတ်မီစက်ကိရိယာ၊ အသုံးအဆောင်ပစ္စည်းနှင့် လုပ်ငန်းအသုံးစရိတ်များ ဖြည့်တင်းပေးနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၈။ ရဲတပ်ဖွဲ့ဝင်၏ ဝတ်စုံ၊ ချပ်ဝတ်တန်ဆာ၊ ရာထူးအဆင့်တံဆိပ်အပါအဝင် အမှတ်အသားတံဆိပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်နှင့် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သတ်မှတ်အသုံးပြုရမည်။

၅၉။ ရဲတပ်ဖွဲ့သည် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများထံမှ နည်းပညာ၊ ငွေကြေး၊ ပစ္စည်းနှင့်အခြား ကူညီထောက်ပံ့မှုများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

## အခန်း (၁၇)
## စည်းကမ်းသေဝပ်တည်ငြိမ်ရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အရေးယူပိုင်ခွင့်များ

၆၀။ ရဲတပ်ဖွဲ့ဝင်သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ပါက ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူပိုင်ခွင့် ရှိသည်-

(က) အများပြည်သူဆိုင်ရာနေရာ သို့မဟုတ် လမ်း၊ ဘာသာရေးပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ပွဲလမ်း သဘင်အခမ်းအနားများ ကျင်းပသည့်နေရာတွင် တမင်လမ်းပိတ်ဆို့မှု ဖြစ်ပေါ်စေခြင်း သို့မဟုတ် စည်းကမ်းသေဝပ်တည်ငြိမ်မှု ပျက်ပြားစေရန် ပြုမူဆောင်ရွက်ခြင်း၊

(ခ) အများပြည်သူဆိုင်ရာ နေရာများ၊ ပွဲလမ်းသဘင်များ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဘာသာရေးပွဲများ၌ အန္တရာယ်ပြု နိုင်သည့် ပစ္စည်းကိရိယာများ ကိုင်တွယ်ယူဆောင်ခြင်း၊

(ဂ) အများပြည်သူဆိုင်ရာနေရာ သို့မဟုတ် လမ်းတွင်ရှိနေသူများကိုဖြစ်စေ၊ ခရီးသည်များကိုဖြစ်စေ အဟန့်အတားဖြစ်စေရန်၊ စိတ်ငြိုငြင်စေရန်၊ ဘေးဖြစ်စေရန်၊ စိုးရိမ်ဖွယ်ဖြစ်စေရန် သို့မဟုတ် နစ်နာစေရန် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း-

(၁) ကျွဲ၊ နွား တိရစ္ဆာန်ကို မဆင်မခြင် မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာ စီးခြင်း၊ ထိန်းကျောင်းခြင်း သို့မဟုတ် လေ့ကျင့်ခြင်း၊

(၂) ကျွဲ၊ နွား တိရစ္ဆာန် အသေကောင်ကို ဖျက်ခြင်း၊

(၃) ကျွဲ၊ နွား တိရစ္ဆာန်ကို ရက်စက်စွာ ရိုက်နှက်ခြင်း သို့မဟုတ် ညှဉ်းပန်းခြင်း၊

(၄) ကျွဲ၊ နွား တိရစ္ဆာန်ကိုဖြစ်စေ၊ ယာဉ်ရထားတစ်မျိုးမျိုးကိုဖြစ်စေ ကုန်တင်၊ ကုန်ချ သို့မဟုတ် ခရီးသည် အတက်အဆင်းပြုလုပ်ရန် လိုအပ်သည့် အချိန်ထက် ပို၍ ရပ်တန့်ထားခြင်း၊

(၅) ကုန်တင်ကုန်ချရေးအတွက် ခွင့်ပြုထားသော အချိန်ထက်ကျော်လွန်၍ လမ်းမ၊ မြေလမ်း စသည်တို့ပေါ်တွင် မည်သည့်ကုန်ပစ္စည်းများမဆို ထားရှိခြင်းအားဖြင့် အများပြည်သူအား အတား အဆီးအနှောင့်အယှက်ဖြစ်စေခြင်း၊

(၆) အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ သတ်ပုတ်နှောင့်ယှက်ခြင်း၊ ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားရန်စခြင်း သို့မဟုတ် ရိုင်းပျသည့် ကိုယ်နှုတ် အမူအရာ ပြုလုပ်ခြင်း။

(ဃ) ရဲတပ်ဖွဲ့ဝင်တစ်ဦးက အောက်ပါနေရာတစ်ခုခုတွင် မသင်္ကာဖွယ်ရာတွေ့ရှိ၍ မေးမြန်းသည့်အခါ ထိုသူသည် ထိုနေရာသို့ မည်သည့်အတွက် ရောက်ရှိနေကြောင်း ခိုင်လုံစွာ ဖြေကြားရန် ပျက်ကွက်ခြင်း–

(၁) နေဝင်ချိန်နှင့် နေထွက်ချိန်အကြား ဈေး၊ လမ်း၊ နောက်ဖေးလမ်းကြား၊ ဝင်းခြံ တစ်ခုခု၊

(၂) လူနေအိမ် သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ ဥပစာအတွင်း သို့မဟုတ် ရေယာဉ် သို့မဟုတ် ယာဉ်တစ်ခုခု၊

(၃) မျက်နှာဖုံးအုပ်၍သော်လည်းကောင်း၊ ရုပ်ဖျက်၍သော်လည်းကောင်း နေဝင်ချိန်နှင့် နေထွက်ချိန် အကြား သွားလာနေသည်ကို တွေ့ရှိရသူ။

(င) အများပြည်သူတို့အား အနှောင့်အယှက်ဖြစ်စေရန် လမ်းများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း–

(၁) နေဝင်ပြီးချိန်နှင့် နေမထွက်မီ အချိန်ကာလအတွင်း လုံလောက်ကျနစွာ တပ်ဆင်ထားသော မီးတစ်စုံတစ်ရာမပါရှိသည့် မည်သည့်ယာဉ်မျိုးကိုမဆို မောင်းနှင်စီးနင်းသွားလာခြင်း၊

(၂) အခါကာလအားလျော်စွာ ခွင့်ပြုသော အချိန်များနှင့်နေရာ၊ အလုပ်များမှအပ အနှောင့်အယှက် ဖြစ်စေလောက်အောင် ဘင်၊ မောင်း စသည်တို့ကို တီးခတ်ခြင်း သို့မဟုတ် ခရုသင်း၊ ခရာ၊ လေမှုတ်ကိရိယာများကို မှုတ်ခြင်း သို့မဟုတ် ကြေး၊ အိုးခွက် စသည်များကို တီးခေါက်ခြင်း စသည့် အများပြည်သူစိတ်ငြိုငြင်စေရန် ပြုလုပ်ခြင်း၊

(၃) ဘောလုံးကန်ခြင်း၊ စွန်လွှတ်ခြင်း၊ အခြားအားကစားနည်းမျိုးကို ပြုလုပ်ခြင်း၊

(၄) တောင်းရမ်းခြင်း သို့မဟုတ် လိမ်လည်အလှူခံခြင်း။

(စ) အဆောက်အအုံအတွင်းမှဖြစ်စေ၊ အပြင်မှဖြစ်စေ၊ အများပြည်သူစိတ်ငြိုငြင်စေရန်၊ အနှောင့်အယှက် ဖြစ်စေရန် အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုတစ်ခုခုဖြင့်ဖြစ်စေ ပြုလုပ်ခြင်း၊

(ဆ) ခိုးရာပါပစ္စည်းဖြစ်သည်ဟု သင်္ကာမကင်းရန်ရှိသော ပစ္စည်းတစ်ခုခုကို လက်ရှိထားကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် သယ်ယူပို့ဆောင်ကြောင်းတွေ့ရှိ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးက မေးမြန်းသည့်အခါ ထိုပစ္စည်း မိမိလက်ဝယ်၌ရှိခြင်းအကြောင်းကို ခိုင်လုံစွာ ဖြေကြားရန် ပျက်ကွက်ခြင်း၊

(ဇ) ပြည်သူပိုင်၊ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် အဆောက်အအုံ၊ နံရံ၊ ဝင်းထရံ သို့မဟုတ် ပစ္စည်း တစ်ခုခုပေါ်တွင် တာဝန်ရှိသူ၏ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူ၏ သဘော တူညီမှု မရရှိဘဲဖြစ်စေ ကြော်ငြာကပ်ခြင်း၊ မြေဖြူ၊ ဆေး၊ အခြားတစ်နည်းနည်းဖြင့် ရေးသားခြင်း၊ ရေးဆွဲခြင်းနှင့် အသွင်ပြောင်းလဲစေခြင်း၊

(ဈ) ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးက ဥပဒေနှင့်အညီ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်ရာတွင် မလျော်ဩဇာသုံး၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ မဖွယ်မရာ ပြောဆိုခြင်း၊ ခုခံခြင်း သို့မဟုတ် တားဆီးခြင်း။

၆၁။ (က) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံး ကျပ် ငါးသောင်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် သုံးသောင်းမှ အများဆုံး ကျပ် တစ်သိန်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

( ဂ ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဃ) အရ ခိုင်လုံစွာဖြေကြားရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် သုံးသောင်းမှ အများဆုံး ကျပ် တစ်သိန်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မခွဲ (စ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံး ကျပ် ငါးသောင်းထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( င ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဆ) အရ ခိုင်လုံစွာဖြေကြားရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်ထိ ချမှတ်ရမည်။

( စ ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဇ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံး ကျပ် ငါးသောင်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(ဆ) မည်သူမဆို ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဈ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ချမှတ်ရမည်။

## အခန်း (၁၈)
## အထွေထွေ

၆၂။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအပါအဝင် မည်သူမဆို စုပေါင်း အိမ်ရာ၊ ဈေး၊ လူအများအပြား စုဝေးအသုံးပြုမည့် အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ စက်ရုံ၊ အလုပ်ရုံများ ဆောက်လုပ်ပါက-

(က) အဆောက်အအုံ၏ ပုံစံနှင့်ဖွဲ့စည်းပုံကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ပေးပို့ရမည်။

( ခ ) လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်ပါက ရဲတပ်ဖွဲ့သို့ အကြံပြုချက်များ တောင်းခံနိုင်သည်။

၆၃။ တာဝန်ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် အကျိုးခံစားခွင့်ကို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၆၄။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို ကျူးလွန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ ထက် ကျော်လွန်ပါက တရားစွဲဆိုခြင်း မပြုရ။

၆၅။ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ခန့်အပ်ထားသည့် ရဲတပ်ဖွဲ့ဝင်မဟုတ်သော နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၆၆။ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများသည် အပ်နှင်းထားသော သီးခြားတာဝန်များကို ဆောင်ရွက်ရန် လုပ်ငန်းလက်စွဲများကို ရေးဆွဲထားရှိရမည်။

၆၇။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ရဲစခန်းနှင့် ရဲကင်းစခန်းများတွင် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်များ၌ ရေးသွင်းရမည်။

၆၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

(ဂ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့သည် ရဲလုပ်ငန်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ရဲလက်စွဲကို လိုအပ်သလို ပြုစုရေးဆွဲ ထုတ်ပြန်နိုင်သည်။

၆၉။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) The Yangon Police Act, 1899, (Act IV,1899 Vol 1.)

(ခ) The Police Act, 1945, (Act VI,1945 Vol 1.)

(ဂ) ၁၉၅၉ ခုနှစ်၊ ကရင်ပြည်နယ်ရဲအဖွဲ့အက်ဥပဒေ (ကရင်ပြည်နယ်အက်ဥပဒေအမှတ်၊ ၂/၁၉၅၉)

(ဃ) ၁၉၅၉ ခုနှစ်၊ ကယားပြည်နယ်ရဲအဖွဲ့အက်ဥပဒေ (ကယားပြည်နယ်အက်ဥပဒေအမှတ်၊ ၄/၁၉၅၉)

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၂၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ခင်ဆွေထွန်း | ကရင်ပြည်နယ်တရားလွှတ်တော် |
| (၂) | ဒေါ်စန္ဒာသွယ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၂၅/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

## တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးညွန့်လင်း | ကရင်ပြည်နယ်တရားလွှတ်တော် |
| (၂) | ဒေါ်နုနုခင် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဦးသန်းဦးလွင် | ရှမ်းပြည်နယ်တရားလွှတ်တော် |

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၂ ဖြင့် ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခဲ့ပြီး ဖြစ်သည့်အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင် နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော် အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးဝဏ္ဏဇော် သည် ညွှန်ကြားရေးမှူးချုပ် အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏

တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လွိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင် ကို လားရှိုးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်မြတ်သဇင်နိုင်<br>တ/၃၂၆၇ | ပဲခူး<br>ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးမျိုးမြင့်နိုင်<br>တ/၃၄၁၇ | တပ်ကုန်း<br>မန္တလေးတိုင်းဒေသကြီး |

| အမှတ်<br>စဉ် | အမည်နှင့်<br>ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်<br>မြို့နယ်တရားရုံး |
|---|---|---|
| ၃။ | ဒေါ်ယဉ်ငြိမ်းနု<br>တ/၃၅၄၆ | ရမည်းသင်း<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ မိုးမိတ်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) ဦးမျိုးထက်အောင် (တ/၃၆၉၀) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်<br>စဉ် | အမည်နှင့်<br>ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်<br>မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်စန်းစန်းဦး<br>တ/၃၆၁၈ | စစ်ကိုင်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်နွဲ့ယဉ်စိုး<br>တ/၃၆၄၉ | ဒဂုံမြို့သစ် (တောင်ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၃။ | ဒေါ်မေမွန်ခိုင် တ/၃၆၇၇ | တာမွေ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်မေသူသူဇော် တ/၃၆၇၈ | သာယာဝတီ ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

အမိန့်ကြော်ငြာစာအမှတ် (၂၀၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ကေသွယ်နိုင် တ/၃၂၉၂ | အုတ်ဖို ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးရဲလူထွေး တ/၃၂၉၆ | ဖြူး ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် လွှဲအပ်မှုများ လက်ခံစစ်ဆေးကြားနာစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေတစ်ရပ်ရပ်အရတင်ပြသော လွှဲအပ်မှုများကို စစ်ဆေးကြားနာစီရင်ရာတွင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၇၃ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## လွှဲအပ်မှုများကို စိစစ်လက်ခံခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြလာသော လွှဲအပ်မှုလျှောက်လွှာများနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်းများနှင့် ထမ်းဆောင်ရန်လိုအပ်သည့် ရုံးခွန် တံဆိပ်ခေါင်းများ ပြည့်စုံမှု ရှိ မရှိ တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက ကနဦး စိစစ်ကြည့်ရှုရမည်။

၂။ လွှဲအပ်မှု လျှောက်ထားရာတွင် လျှောက်ထားသူက လွှဲအပ်မှုလျှောက်လွှာ၊ လျှောက်လွှာနှင့်အတူ လွှဲအပ်တင်ပြသည့် ဥပဒေကြောင်းဆိုင်ရာပြဿနာရပ်တို့ကို မူရင်း တစ်စောင်၊ မိတ္တူ (၅) စောင် တင်သွင်းရမည်။ လျှောက်ထားခံရသူ တစ်ဦးထက်ပိုပါက ပိုသည့် အရေအတွက်အတိုင်း မိတ္တူများကို ဖြည့်စွက်ပူးတွဲ တင်သွင်းရမည်။

၃။ တင်သွင်းလာသော လွှဲအပ်မှုလျှောက်လွှာအား တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးက စိစစ်ကြည့်ရှုပြီး ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိပါက ယင်းလိုအပ်ချက်များကို သတ်မှတ်ရက်အတွင်း တင်ပြစေရန်နှင့် ပြည့်စုံမှုရှိလျှင် သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းအမှုဖွင့်လှစ်၍ ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၄။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်သည် လွှဲအပ်မှု အမှုတွဲအားစိစစ်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

၅။ လျှောက်ထားခံရသူများထံသို့ လွှဲအပ်မှုလျှောက်လွှာ၊ လွှဲအပ်တင်ပြသည့် ဥပဒေကြောင်းဆိုင်ရာ ပြဿနာရပ်များကို မိတ္တူပူးတွဲလျက် အကြောင်းကြားစာ ပေးပို့ရမည်။ လိုအပ်လျှင် သက်ဆိုင်ရာအမှုတွဲ များအား တောင်းခေါ်ရမည်။

၆။ လျှောက်ထားခံရသူ ရောက်ရှိ၍ ရှေ့နေငှားရမ်းလိုလျှင် ရှေ့နေကိုယ်စားလှယ်စာတင်ရန် ရက်ချိန်း ပေးရမည်။

၇။ လွှဲအပ်မှုလျှောက်ထားခံရသူများထံပေးပို့သော အကြောင်းကြားစာ အတည်ဖြစ်ပြီး တောင်းခေါ်သည့် အမှုတွဲများ ပြည့်စုံစွာရရှိပါက လွှဲအပ်မှုများအား (ဂ) စာရင်းသို့ ရေးသွင်းရမည်။

၈။ တရားမတရားစီရင်ရေးဌာန၊ ညွှန်ကြားရေးမှူးသည် လွှဲအပ်မှုများ စစ်ဆေးကြားနာစီရင်နိုင်ရေးအတွက် ကြိုတင်အမှုခေါ်စာရင်းရေးသွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်ပြရမည်။

## အခန်း (၂)
## အထူးခုံရုံး ဖွဲ့စည်းခြင်း

၉။ ပြည်ထောင်စုတရားသူကြီးချုပ်သည် လွှဲအပ်မှုများကြားနာစီရင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦး ပါဝင်သော အထူးခုံရုံးကို ဖွဲ့စည်းပေးရမည်။ လိုအပ်လျှင် အထူးခုံရုံးကို ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း (၃)
## လွှဲအပ်မှုများ ကြားနာစီရင်ခြင်း

၁၀။ လွှဲအပ်မှုများ ကြားနာစီရင်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ကြားနာရန် သတ်မှတ်ထားသော ပြဿနာများနှင့်စပ်လျဉ်း၍သာ နှစ်ဖက် တင်ပြ လျှောက်ထားရမည်။

( ခ ) နှစ်ဖက်ကြားနာပြီးနောက် သတ်မှတ်ထားသော ပြဿနာများနှင့်စပ်လျဉ်း၍ လွှဲအပ်မှုကို သင့်သည် ထင်မြင်သည့်အတိုင်း အဆုံးအဖြတ်ပေးရမည်။

## အခန်း (၄)

## အထွေထွေ

၁၁။ စီရင်ချက်ချမှတ်ပြီးသော လွှဲအပ်မှုများကို တရားခွင်စာရေးက လက်ထောက်ညွှန်ကြားရေးမှူးထံ ပေးပို့ရမည်။

၁၂။ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲများကို လက်ခံပြီးနောက် သက်ဆိုင်ရာ မှတ်ပုံတင် စာအုပ်တွင် စီရင်ချက်၏ လိုရင်းအချက်နှင့် မှတ်ပုံတင်စာအုပ်ရှိ စာတိုင်များ၌ ပြည့်စုံစွာ ရေးသွင်း၍ လက်မှတ် ရေးထိုးရမည်။

၁၃။ လွှဲအပ်မှု၏ စီရင်ချက်မိတ္တူတစ်စောင်ကို ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်မှ အခွန်အယူခံခုံအဖွဲ့ရုံးသို့ ပေးပို့ရမည်။

၁၄။ လွှဲအပ်မှုနှင့်စပ်လျဉ်းသည့် အမှုတွဲတောင်းခေါ်ခဲ့ခြင်းရှိပါက အဆိုပါအမှုတွဲများကို စီရင်ချက် ချမှတ်ပြီးနောက် ပြန်လည်ပေးပို့ရမည်။

၁၅။ လွှဲအပ်မှုများ စစ်ဆေးစီရင်ရာတွင် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အမှုများလက်ခံစစ်ဆေးကြားနာစီရင်ခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ" ကို လိုက်နာရန်ဖြစ်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ရဲအုပ် (၃) ဦးတို့အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရဲအရာရှိအမှတ်များသတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | လ ၁၂၄၂၇၂ ရဲအုပ် မြတ်ထွန်းအောင်<br>ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ | ရဲ ၈၁၁၇ |
| (၂) | လ ၁၁၆၉၀၄ ရဲအုပ် ဝင်းမြင့်ဦး<br>ရေကြောင်းရဲတပ်ဖွဲ့ | ရဲ ၈၁၁၈ |
| (၃) | လ ၁၂၃၈၉၃ ရဲအုပ် ဝင်းရီ<br>ငွေကြေးဆိုင်ရာမှုခင်း<br>တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ | ရဲ ၈၁၁၉ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဌာနမှ ညွှန်ကြားရေးမှူး၊ ရဲ ၂၁၁၃ ရဲမှူးကြီး ကျော်လင်း အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီးသို့ ဌာနကြီးမှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၅/၂၀၂၂)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ တားဆီးနှိမ်နင်းရေးဌာနမှ ဌာနမှူး ရဲ ၁၇၃၁ ရဲမှူးကြီး ဇော်လင်းထွန်း အား ရဲမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သို့ တပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၇) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ဦးသန်းအေးဆွေ (ပ/၃၅၄၂)<br>ဟသ်ာတခရိုင် | ချင်းပြည်နယ် |
| (၂) | ဦးကျော်စိုးလွင် (ပ/၃၇၈၇)<br>ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဟားခါးခရိုင် |
| (၃) | ဦးထွန်းသိန်း (ပ/၃၉၀၃)<br>ညောင်ဦးခရိုင် | ချင်းပြည်နယ် |
| (၄) | ဦးရည်မွန် (ပ/၃၉၂၂)<br>ဖလမ်းခရိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၅) | ဦးနေမျိုးသန်း (ပ/၃၇၂၈)<br>ပုသိမ်ခရိုင် | မင်းတပ်ခရိုင် |
| (၆) | ဦးကျော်သောင်း (ပ/၄၀၅၆)<br>ဥတ္တရခရိုင် | မက်မန်းခရိုင် |
| (၇) | ဦးကိုကိုဦး (ပ/၃၆၂၀)<br>ပဲခူးခရိုင် | ကယားပြည်နယ် |

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်<br>
ပြည်ထောင်စုဝန်ကြီး<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

**ဆင်းကတ်(SIM card) ရောင်းချမှုနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မှုနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

**နိဒါန်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်အရ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (င-၁) ဖြင့် ဖြည့်စွက်ခဲ့သည့် ဆင်းကတ် (SIM card) ရောင်းချမှု၊ ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု (SIM card Activation)နှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာ သိရှိနိုင်စေရန် ဤအဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်ကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်**

၂။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၂၁ ဖြင့် ၃၀-၉-၂၀၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၁/၂၀၂၂ ဖြင့် ၆-၁-၂၀၂၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့နှင့် သက်ဆိုင်သည်။

၃။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (င-၁)ဖြင့် ဆင်းကတ် (SIM card) ရောင်းချမှုနှင့် ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု (SIM card Activation) အပေါ် ဆင်းကတ်တစ်ကတ်လျှင် ကျပ် နှစ်သောင်းဖြင့် ကုန်သွယ် လုပ်ငန်းခွန်တစ်ကြိမ်တည်းကျသင့်စေခြင်းနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းမှရငွေအပေါ် တစ်ဆယ့်ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ အရ ဖြည့်စွက်ခဲ့ပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၄။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (င-၁) ပါ **ဆင်းကတ် (SIM card)** ဆိုသည့်စကားရပ်တွင် မိုဘိုင်းဆင်းကတ် (Mobile SIM) အမျိုးမျိုး၊ ဒေတာ သက်သက်သာ အသုံးပြုသည့်ဆင်းကတ် (Data SIM)၊ ကိရိယာ (Device) များတွင် တွဲဖက်၍ ကွန်ရက်ချိတ်ဆက် အသုံးပြုနိုင်သည့် ဆင်းကတ် (Machine to Machine SIM card) တို့ ပါဝင်သည်။

၅။ အဆိုပါဥပဒေတွင် ပါရှိသည့် **အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည့်စကားရပ်တွင် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားရှိသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိသည့် အော်ပရေတာ (Operator) ကဖြစ်စေ၊ ဝန်ဆောင်မှုပေးသူ (Service Provider) ကဖြစ်စေ ကြိုး သို့မဟုတ် ကြိုးမဲ့စနစ်ဖြင့်အင်တာနက်ဝန်ဆောင်မှုပေးခြင်းကိုဆိုလိုပြီး ယင်းစကားရပ်တွင် နောက်ဆက်တွဲဇယား၌ ဖော်ပြထားသည့် အင်တာနက်ဝန်ဆောင်မှုအမျိုးအစားများ ဆောင်ရွက်သည့်လုပ်ငန်းများလည်းပါဝင်သည်။

**အကျိုးသက်ရောက်သည့်ကာလ**

၆။ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (င-၁) ပါ **ဆင်းကတ် (SIM card) အပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား** သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်း ဆင်းကတ်ကို စတင်အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု(SIM card Activation ) များနှင့်သာ သက်ဆိုင်စေရမည်။

၇။ **အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မှု** နှင့်စပ်လျဉ်း၍-

(က) မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မတိုင်မီရယူသည့် ဒေတာအစီအစဉ်(Data Plan)၊ ဒေတာပက်ကေ့ (Data Package) များသည် ယခင်ကုန်သွယ်လုပ်ငန်းခွန်နှုန်း ငါးရာခိုင်နှုန်းဖြင့် ကျသင့်မည်ဖြစ်ပြီး၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်းရယူသည့် ဒေတာအစီအစဉ်အသီးသီးအပေါ်တွင် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်နှုန်း တစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကျသင့်မည် ဖြစ်ပါသည်။

( ခ ) အခြားသော အင်တာနက်ဝန်ဆောင်မှုများဖြစ်ပါက မည်သည့်ကာလအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုမဆို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မတိုင်မီ ငွေပေးချေမှု သို့မဟုတ် ပြေစာထုတ်ဆင့်မှု ဆောင်ရွက်ခဲ့ပြီး အခွန်ထမ်း၏ ဘဏ္ဍာရေးဆိုင်ရာစာရင်းများတွင် ဝန်ဆောင်မှုရငွေအဖြစ် စာရင်းသွင်းခဲ့ပြီးဖြစ်ပါက အဆိုပါ ဝန်ဆောင်မှုရငွေအပေါ် ယခင်ကုန်သွယ်လုပ်ငန်းခွန်နှုန်း ငါးရာခိုင်နှုန်းဖြင့် ကျသင့်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်း ငွေပေးချေခြင်း သို့မဟုတ် ပြေစာထုတ်ဆင့်ခြင်းဖြစ်ပါက အဆိုပါဝန်ဆောင်မှုရငွေအပေါ်တွင် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်နှုန်း တစ်ဆယ့်ငါးရာခိုင်နှုန်းဖြင့် ကျသင့်မည်ဖြစ်ပါသည်။

၈။ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အခွန်နှစ်ထပ်မကျသင့်စေရန်အတွက် ဆင်းကတ် (SIM card) အပေါ်တွင်ဖြစ်စေ၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအပေါ်တွင်ဖြစ်စေ ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ခုနှိမ်ခွင့်ရှိစေရမည်။

**နောက်ဆက်တွဲဇယား**

**ကုန်သွယ်လုပ်ငန်းခွန် ၁၅ ရာခိုင်နှုန်းကျသင့်မည့် အင်တာနက်ဝန်ဆောင်မှုအမျိုးအမည်များ**

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| ၁ | ဂြိုဟ်တုစနစ်ကို အသုံးပြုသည့် အင်တာနက်ဝန်ဆောင်မှု | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၂ | Internet (DIA) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၃ | Internet (B2B FTTX) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၄ | Internet (WTTX) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၅ | Mobile (B2B Bundle) | အင်တာနက်အသုံးပြုခအပေါ် ၁၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပြီး အသံနှင့် စာတိုပေးပို့ခြင်း (Voice and SMS) အတွက် ယခင်အတိုင်း ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၆ | Mobile (B2B Allowance) | အင်တာနက်အသုံးပြုခအပေါ် ၁၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပြီး အသံနှင့် စာတိုပေးပို့ခြင်း (Voice and SMS) အတွက် ယခင်အတိုင်း ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၇ | Mobile (B2B Data Pack) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၈ | Mobile (B2B Data Pool) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| ၉ | Others (ADSL) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါသဖြင့် ၁၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၁၀ | Internet (IP Transit) | အင်တာနက်ဝန်ဆောင်မှုဖြစ်ပါက ၁၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပြီး အခြားဝန်ဆောင်မှုဖြစ်ပါက ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၁၁ | Data Transmission | လိုင်စင်ရရှိသူအချင်းချင်းဆက်သွယ်ရေးကွန်ရက်များ အပြန်အလှန်ချိတ်ဆက်ခြင်းမှလွဲ၍ အသုံးပြုသူထံသို့ တိုက်ရိုက်ဖြစ်စေ၊ လက်ကားဝန်ဆောင်မှု Whole Sale မှတစ်ဆင့်ဖြစ်စေ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုအားလုံးပါဝင်ပြီး အင်တာနက်ဝန်ဆောင်မှုဖြစ်ပါက ၁၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်၍ အခြားဝန်ဆောင်မှုဖြစ်ပါက ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |
| ၁၂ | Installation Service | တပ်ဆင်ခြင်း ဝန်ဆောင်မှု (Installation Service) နှင့် စက်ကိရိယာအပါအဝင် အင်တာနက်ဝန်ဆောင်မှုရငွေ အားလုံးအတွက် အခကြေးငွေကို စုပေါင်း၍ ပေးချေခြင်းဖြစ်ပါက ၁၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်ပြီး တပ်ဆင်ခြင်း ဝန်ဆောင်မှု (Installation Service) နှင့် စက်ကိရိယာရောင်းချခြင်း (Device Sale) တို့အတွက် သီးခြားစီပေးချေခြင်းဖြစ်ပါက ယင်းတို့အပေါ် ယခင်အတိုင်း ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။ |

## **အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အခွန်ဆိုင်ရာဝန်ဆောင်မှုများကို အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်နှင့် အခွန်ထမ်းမှတ်ပုံတင်အမှတ် သတ်မှတ်ခြင်းလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) နှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းမှတ်ပုံတင်အမှတ် သတ်မှတ်ပေးနိုင်ရန်အတွက် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတို့သည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) သတ်မှတ်ခြင်း မပြုရသေးသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်ထားရန်၊

(ခ) ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းတည်ထောင်ပြီး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) သတ်မှတ်ခြင်းမပြုရသေးသည့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ အခွန်ထမ်းမှတ်ပုံတင်အမှတ်လျှောက်ထားရန်၊

(ဂ) ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နှင့် ယင်းနေ့နောက်ပိုင်းတွင် ဖွဲ့စည်းတည်ထောင်သည့် သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်တွင် မှတ်ပုံတင်သည့်ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများဖြစ်ပါက ဖွဲ့စည်းတည်ထောင်သည့် သို့မဟုတ် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများဖြစ်ပါက ဖွဲ့စည်းတည်ထောင်သည့် သို့မဟုတ် မှတ်ပုံတင်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အခွန်ထမ်းမှတ်ပုံတင်အမှတ် လျှောက်ထားရန်။

၃။ အခွန်ထမ်းမှတ်ပုံတင်အမှတ် သတ်မှတ်ပေးထားပြီးသည့် အခွန်ထမ်းများအနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် ပေးဆောင်ခြင်း၊ အခွန်ကြေညာလွှာ တင်သွင်းခြင်းအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ ငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းအပါအဝင် လုပ်ငန်းဆောင်ရွက်မှု (business transaction) များပြုလုပ်ရာတွင်လည်းကောင်း အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုရမည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်)

အမှတ် ၄၁။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ အမှုထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| ဒေါ်ခိုင်သဇင်မိုး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးရုံး |

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်)

အမှတ် ၄၂။ ဤဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၉) ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီတွင် အတွင်းရေးမှူး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင် **အစား** နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (တာဝန်ပေး) ဒေါ်သင်းသင်းဇင် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမှတ် ၄၃။ ဤဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉၂) ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်း **အစား** တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမျိုးဇော် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်)

## (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ `အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း

၁။ (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် **(၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇၉/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၇၉/၂၀၂၁ ရှိ အပိုဒ် (၂) ပါ ဖော်ပြချက်အရလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၂၅၃)/၁၄/ကောင်စီရုံး၏ ခွင့်ပြုချက်အရလည်းကောင်း အောက်ဖော်ပြပါ ဆပ်ကော်မတီ များကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **လုံခြုံရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ဆွေဆွေနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | ရဲမှူးချုပ်စိုးနိုင်ဦး<br>တပ်ဖွဲ့မှူး<br>မှုခင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | ရဲမှူးချုပ်မြဝင်း<br>တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | ရဲမှူးကြီးကိုကိုလွင်<br>တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | ရဲမှူးကြီးတင့်လွင်<br>ခေတ္တတပ်ဖွဲ့မှူး<br>ရထားရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၇) | ရဲမှူးကြီးစိုးမြင့်ဦး<br>တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

(၈) ရဲမှူးကြီးမင်းအောင် အဖွဲ့ဝင်
တပ်ဖွဲ့မှူး
အမြန်လမ်းမကြီးရဲတပ်ဖွဲ့

(၉) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၀) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(၁၁) ဦးစန်းယု အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၁၂) ရဲဗိုလ်ချုပ်အောင်အောင် အတွင်းရေးမှူး
ဒုတိယရဲချုပ်-၁
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၁၃) ရဲမှူးချုပ်ကြည်လင်း တွဲဖက်အတွင်းရေးမှူး
ကွပ်ကဲရေးမှူး
အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

( ခ ) လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခမ်းအနားကျင်းပပြုလုပ်မည့်နေရာနှင့် တည်းခိုမည့်နေရာများ လုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ နယ်မြေလုံခြုံရေး၊ အရေးပေါ်လုံခြုံရေး၊ မီးဘေးလုံခြုံရေးတို့ကို အပြည့်အဝရှိစေရေး ဆောင်ရွက်ရန်၊

(၂) လုံခြုံရေးညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) ဆပ်ကော်မတီအသီးသီး၏ လုံခြုံရေးလိုအပ်ချက်ကို ညှိနှိုင်းတာဝန်ယူဆောင်ရွက်ရန်၊

(၄) အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်းများနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်မည့် ပုဂ္ဂိုလ်များ၏ ယာဉ်တန်းများအတွက် ရှေ့ပြေးမီးတန်းယာဉ်များ၊ ရှေ့ပြေးဆိုင်ကယ်များ စီစဉ်ဆောင်ရွက်ပေးရန်၊

(၅) အခမ်းအနားသို့ တက်ရောက်မည့် အရေးကြီးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ မီဒီယာအဖွဲ့များအတွက် လည်ဆွဲကတ်ပြားများ၊ ယာဉ်ဝင်ခွင့်ကတ်များကို ညှိနှိုင်းလမ်းညွှန်မှုနှင့်အညီ ဒီဇိုင်းအရောင်ခွဲခြား ပြုလုပ်ပေးရန်နှင့် ဖိတ်ကြားရေးကော်မတီသို့ အချိန်မီ ထုတ်ပေးရန်၊

(၆) အခမ်းအနားကျင်းပပြုလုပ်မည့် နေရာများတွင် မိုင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် လုံခြုံရေး အထောက်အကူပြုပစ္စည်းများဖြင့် လုံခြုံမှုအပြည့်အဝရှိစေရေး ဆောင်ရွက်ရန်၊

(၇) လုံခြုံရေးဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

( ဂ ) **ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ**

(၁) ဦးညွန့်ဝင်း ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၂) ဦးလှခိုင် အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ် (စီမံ)
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)

(၃) ဦးကျော်သူရ — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ် (စီမံ)
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)

(၄) ဒေါ်စန်းစန်းအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၅) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ထုတ်လုပ်)
အနုပညာဦးစီးဌာန

(၆) ညွှန်ကြားရေးမှူး (ဇာတ်ရုံ) — အဖွဲ့ဝင်
အနုပညာဦးစီးဌာန

(၇) ဒေါက်တာဝိုင်းဝိုင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၈) ဦးငွေးလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်)
အနုပညာဦးစီးဌာန

(၉) ဦးကျော်မင်းထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အနုပညာအထက်တန်းကျောင်း (ရန်ကုန်)
အနုပညာဦးစီးဌာန

(၁၀) ဒေါ်ရင်ရင်ခိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (ဇာတ်ရုံ)
အနုပညာဦးစီးဌာန

(၁၁) ဦးရှိုင်းဇာနည်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

(၁၂) ဦးမြတ်သူ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၁၃) ဒေါ်စောစန္ဒာအောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (လေ့/သု)
အနုပညာဦးစီးဌာန

(ဃ) ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့**

(ကက) အမှတ်ပေးစနစ်များ၊ပြိုင်ပွဲဝင်သီချင်းများနှင့် စည်းကမ်းချက်များအား ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် သတ်မှတ်ရေးဆွဲအတည်ပြုချက်ရယူရန်၊

( ခ ခ ) ဦးစီးဇယားပုံစံများ ကြိုတင်ပြုစုထားရှိရန်နှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့များနှင့် ကြိုတင် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂဂ) ဘာသာရပ်အလိုက် အကဲဖြတ်ပညာရှင်များ၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် လုပ်ငန်းအဖွဲ့အလိုက် ဖွဲ့စည်းဆောင်ရွက်မည့် အဖွဲ့ဝင်အမည်စာရင်းများကို သက်ဆိုင်ရာ ဘာသာရပ်ခေါင်းဆောင်များ (ပညာရှင်များ) ၏ အကြံပြုချက်ရယူ၍ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဃဃ) အမှတ်ပေးနည်း၊ အကဲဖြတ်နည်းများ စနစ်တကျရှိစေရန်နှင့် သက်ဆိုင်ရာဘာသာရပ်တွင် အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများသာ ပါဝင်အကဲဖြတ်နိုင်ရေး ကြိုတင် ညှိနှိုင်းဆောင်ရွက်ရန်၊

(ငင) ဘာသာရပ်အသီးသီး၏ အမှတ်ပေးထားသည့် စာရွက်စာတမ်းများ၊ စာရင်းဇယားများအား လက်မှတ်ရေးထိုးလျက် စနစ်တကျဖိုင်တွဲ၍ မှတ်တမ်းတင်ထားရှိရန်၊

(စစ) ယှဉ်ပြိုင်သူများ အငြင်းမပွားစေရန် ရုပ်မြင်ကင်မရာများ၊ အသံသွင်းတိတ်ခွေများနှင့် မှတ်တမ်းတင်ရိုက်ကူးရေးကို ပြန်ကြားရေးဆပ်ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆဆ) မျက်နှာသာပေးခြင်း၊ လူပုဂ္ဂိုလ်ရင်းနှီးမှုအခြေခံခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အစွဲအလမ်းထားရှိ၍ အမှတ်ပေးခြင်းများမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဇဇ) ပြိုင်ပွဲဝင်ရန် သတ်မှတ်ထားသည့် ဘာသာရပ်များအား ဒိုင်အဖွဲ့ဝင်တစ်ဦးချင်းမှ ကြိုတင်လေ့လာထားရေး အကြံညှိနှိုင်းစီမံဆောင်ရွက်ရန်၊

(ဈဈ) ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီနှင့် ညှိနှိုင်း၍ ပြိုင်ပွဲဝင်အင်အားစာရင်း တိကျစွာရယူကာ ပြိုင်ပွဲအစီအစဉ်ဇယား ကြိုတင်ရေးဆွဲတင်ပြရန်၊

(ညည) အဆို၊ အက၊ အရေး၊ အတီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းဖြစ်၍ နိုင်ငံတော်မူနှင့် မဟာဂီတ သီချင်းစာသားများ၊ ခေတ်ဟောင်းမူရင်းသီချင်းစာသားများ၊ ခေတ်ဟောင်း မူရင်းတေးသွားသံစဉ်များ အလိုက် ယှဉ်ပြိုင်ရေးသတ်မှတ်ရန်၊

(ဋဋ) ပြိုင်ပွဲကျင်းပရေးအတွက် အသုံးစရိတ်များကို ခန့်မှန်းရေးဆွဲ၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြတောင်းခံသွားရန်။

(၂) **အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းအဖွဲ့**

(ကက) ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုညစာစားပွဲ ကျင်းပမည့် MICC ခန်းမအား ပြင်ဆင်ရန်၊

(ခခ) ပြိုင်ပွဲကျင်းပမည့် ရေဆင်းတက္ကသိုလ်နယ်မြေမှ ခန်းမဆောင်များအား ပြင်ဆင်ရန်၊

(ဂဂ) ဖွင့်ပွဲ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုညစာစားပွဲ အခမ်းအနား များအတွက် အတွင်းအပြင်ဆိုင်းဘုတ်များ ရေးဆွဲခြင်း၊ နဖူးစည်းစာတမ်းများ ပြုလုပ်ခြင်း၊ တပ်ဆင်ခြင်း ဆောင်ရွက်ရန်၊

(ဃဃ) အရေးကြီးပုဂ္ဂိုလ်များအတွက် ဆက်တီထိုင်ခုံနှင့် စားပွဲများ ခင်းကျင်းနေရာချရန်၊

(ငင) အကဲဖြတ်ဒိုင်များအတွက် ထိုင်ခုံနှင့် စားပွဲများ ခင်းကျင်းနေရာချရန်၊

(စစ) အကပြိုင်ပွဲခုံ (၂၀ ပေx ၂၀ ပေx ၁.၅ ပေ) နေရာချရန်၊

(ဆဆ) ပြိုင်ပွဲအခမ်းအနားများတွင် အပြင်ဆိုင်းဘုတ်များ၊ အတွင်းဆိုင်းဘုတ်များ တပ်ဆင်ရန်၊

(ဇဇ) စကားပြောစင်မြင့်၊ အခမ်းအနားမှူးစားပွဲ၊ မိုက်ခရိုဖုန်းများနှင့် စပီကာများ ပြင်ဆင် တပ်ဆင်ရန်၊

(ဈဈ) ပြိုင်ပွဲနေရာအလိုက် ဆက်တင်ပစ္စည်းများ ပြုလုပ်ခြင်းနှင့် ပြည်ဖုံးကား၊ တိုင်ဖုံး၊ နဖူးစည်းများ၊ နောက်ခံလိုက်ကာများ၊ ဒူးပိတ်များတပ်ဆင်ခြင်း ပြုလုပ်ရန်၊

(ညည) ပြိုင်ပွဲခန်းမများတွင် ဆလိုက်မီးနှင့် အသံပစ္စည်းများ တပ်ဆင်ခြင်း၊ ဆလိုက်မီးထိုးရန် စင်မြင့်များပြုလုပ်ရန်၊

(ဋဋ) ပြိုင်ပွဲခန်းမများတွင်လိုအပ်သော ဆိုင်းဝိုင်းများ၊ ခြောက်လုံးပတ်များ၊ စန္ဒရားများ၊ စောင်း၊ မယ်ဒလင်၊ ပတ္တလား စသည်ဖြင့် တူရိယာပစ္စည်းများ ပြုပြင်ခြင်းနှင့် နေရာချထားရန်၊

( ဌဌ ) ပြိုင်ပွဲခန်းမများရှေ့တွင် နိုင်ငံတော်အလံနှင့် တိုင်းဒေသကြီး/ပြည်နယ်အလံများ စိုက်ထူရန်၊

( ဍဍ ) လမ်းညွှန်ဆိုင်းဘုတ်များ ပြုလုပ်ရန်၊

( ဎဎ ) ရုပ်သေးပြိုင်ပွဲစင် ပြုလုပ်ရန်နှင့် အချက်ပေးမောင်းများ ပြုလုပ်ရန်၊

(ဏဏ) အကဲဖြတ်ဒိုင်များ၊ ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်များ၊ ပရိသတ်များကြည့်ရှုနိုင်ရန်အတွက် နေရာထိုင်ခင်းများ ဆောင်ရွက်ရန်၊

(တတ) လျှပ်စစ်၊ အသံပစ္စည်းနှင့် တူရိယာပစ္စည်းများ၊ ရန်ကုန်၊ မန္တလေးဌာနခွဲများနှင့် တက္ကသိုလ်တို့မှ သယ်ယူရန်၊

(ထထ) တိုင်းဒေသကြီး/ပြည်နယ် ဆိုင်းဘုတ်ငယ်များ (ပေရွက်ပုံ) ပြုပြင်ရန်၊

( ဒဒ ) ဆိုင်းဝိုင်းပတ်လုံး အပိုများ စုဆောင်းရန်၊

( ဓဓ ) ပြိုင်ပွဲကာလ တစ်လျှောက်လုံးတွင် ပြိုင်ပွဲခန်းမများကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပွဲကြည့်ခုံများ ပြန်လည်နေရာချထားခြင်း၊ သန့်ရှင်းရေးသုံးပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ ဆောင်ရွက်ရန်၊

( နန ) ပြိုင်ပွဲခန်းမများတွင် ခင်းကျင်းရန် လိုအပ်သည့် ပရိဘောဂ (ဆက်တီစားပွဲ၊ ကုလားထိုင်၊ ပလတ်စတစ်ကုလားထိုင်) များ ငှားရမ်းရန်၊

( ပပ ) စိုက်ပျိုးရေးတက္ကသိုလ် (အားကစားခန်းမ) ပြိုင်ပွဲစင်မြင့်အား လိုအပ်သည်များ ပြင်ဆင်ဆောက်လုပ်ရန်၊

( ဖဖ ) စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ) နောက်ဘက်တွင် အများသုံး (ကျား/မ) သန့်စင်ခန်းအား စစ်ဆေးဖြည့်ဆည်းဆောင်ရွက်ရန်။

(၃) **အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာစာသားစိစစ်ရေးလုပ်ငန်းအဖွဲ့**

(ကက) ဘာသာရပ်အလိုက် အကဲဖြတ်အဖွဲ့ခေါင်းဆောင်များ ဦးဆောင်၍ သက်ဆိုင်ရာဒိုင်အဖွဲ့ဝင်များနှင့် အကဲဖြတ်အမှတ်ပေးရာတွင် စနစ်ကျစေရေး၊ တိကျမှန်ကန်စေရေးတို့ကို ပြိုင်ပွဲမစမီ ကြိုတင်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သွားရန်၊

( ခခ ) ပြိုင်ပွဲကျင်းပနေစဉ်တွင် အမှန်တကယ် အရည်အသွေးရှိသူများအား မှန်ကန်စွာ အကဲဖြတ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဝင်များမှ ကြပ်မတ်ပြီးစစ်ဆေး ဆောင်ရွက်ရန်၊

( ဂဂ ) ဘာသာရပ်အလိုက် ပြိုင်ပွဲများပြီးဆုံးသည့်အခါတွင်လည်း အကဲဖြတ်ခေါင်းဆောင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ အဖွဲ့များပေါင်းစပ်ပြီး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃဃ) မူဝါဒဆိုင်ရာ စာသားစိစစ်ရာတွင် ပြိုင်ပွဲကြီး၌ ပါဝင်သော အောက်ဖော်ပြပါ ပြိုင်ပွဲကဏ္ဍများမှ ဇာတ်ညွှန်းများ၊ သီချင်းများ၊ စာသားများ၊ အပြောစကားများကို ------ ရက် နေ့ထက်နောက်မကျစေဘဲ တောင်းခံပြီး ဘာသာရပ်အလိုက် ပြိုင်ပွဲကဏ္ဍအလိုက် အဖွဲ့ငယ်များဖွဲ့စည်းကာ စစ်ဆေးဆောင်ရွက်သွားရန်–

- ကွက်စိပ်ပြိုင်ပွဲ
- ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ
- အိုးစည်အဖွဲ့လိုက်ပြိုင်ပွဲ
- ဒိုးပတ်အဖွဲ့လိုက်ပြိုင်ပွဲ

( ငင ) စစ်ဆေးသည့်အခါ အောက်ပါအချက်များကို အဓိကလျာထားလျက်စစ်ဆေးရန်–

- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ စကားပြောများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှုကိုထိခိုက်စေသောစာသားများ၊ သီချင်းများ၊ စကားပြေများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ အပြောစကားများ၊ အသုံးအနှုန်းများ မပါဝင်စေရန်၊
- အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိခိုက်စေသော စာသားများ၊ သီချင်းများ၊ အပြောစကားများ၊ အသုံးအနှုန်းများ မပါဝင်စေရန်။

( င ) **ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုးဝင်း<br>အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာဝင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးစန္ဒာအောင်<br>ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (၄) | ဒေါက်တာဥမ္မာသန်း<br>ညွှန်ကြားရေးမှူး (ပညာ)<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်မေသစ်<br>ညွှန်ကြားရေးမှူး (ဘဏ္ဍာ)<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစိုးနိုင်ဦး<br>ညွှန်ကြားရေးမှူး (စီမံ)<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးတင်ဦးလေး<br>မြန်မာနိုင်ငံဂီတအစည်းအရုံး | အဖွဲ့ဝင် |
| (၈) | ဦးနေဝင်း<br>မြန်မာနိုင်ငံသဘင်အစည်းအရုံး | အဖွဲ့ဝင် |
| (၉) | ဒေါက်တာသန်းဇော်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အတွင်းရေးမှူး |
| (၁၀) | ဦးစိုးသိုက်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်ပညာရေးမှူးရုံး | တွဲဖက်အတွင်းရေးမှူး |

( စ ) ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ပြိုင်ပွဲကျင်းပခြင်းမပြုမီ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းအလိုက်ဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲအဆင့်၊ ပြိုင်ပွဲအမျိုးအစားနှင့် ပြိုင်ပွဲဘာသာရပ် တစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များ၊ ယခင်ပြိုင်ပွဲမှတ်တမ်းများနှင့် အခြားအထောက်အထားများကို အခြေခံ၍ စိစစ်အတည်ပြုပေးရန်၊

(၂) ပြိုင်ပွဲကျင်းပနေစဉ် ပြိုင်ပွဲဝင်များနှင့်ပတ်သက်၍ မကျေနပ်သောကန့်ကွက်ချက် တစ်စုံတစ်ရာ တင်ပြလာပါက ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ပညာရှင်ကြီးများနှင့် ညှိနှိုင်း၍ ဖြေရှင်းပေးရန်၊

(၃) တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝါသနာရှင် (ပထမတန်း)၊ (ဒုတိယတန်း)၊ အဆင့်မြင့်ပညာ၊ အခြေခံပညာ စသည့် ပြိုင်ပွဲများအဆင့်အလိုက် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်မည့်ဦးရေကို စိစစ်မှတ်တမ်းတင်ရန်၊

(၄) ပြိုင်ပွဲအဆင့်၊ ပြိုင်ပွဲအမျိုးအစားနှင့် ဘာသာရပ်များအလိုက် ပြိုင်ပွဲဝင်ကြမည့်ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကို ကိုယ်စားပြု ပြိုင်ပွဲဝင်ခွင့်ရှိသူများ ဟုတ် မဟုတ် စိစစ်ရန်၊

(၅) ပြိုင်ပွဲဝင်များသည် မိမိတို့အရည်အချင်းနှင့် သင့်လျော်သည့် ပြိုင်ပွဲအဆင့်များတွင်သာ ပါဝင် ယှဉ်ပြိုင်ကြစေရန်အတွက် ပြိုင်ပွဲစည်းကမ်းနှင့် အရည်အချင်းသတ်မှတ်ချက်များ ထုတ်ပြန်ရန်၊

(၆) အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲဝင်ကြသူများသည် ပညာသင်ဆဲ ကျောင်းသား/ ကျောင်းသူများ မှန် မမှန် စိစစ်ရန်၊

(၇) အခြေခံပညာအဆင့် ပြိုင်ပွဲဝင်ကြမည့် ကျောင်းသား/ကျောင်းသူများသည် အသက်အုပ်စုများ မှန် မမှန် စိစစ်ရန်၊

(၈) ပြိုင်ပွဲဝင်များသည် ယခင်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရခဲ့ဖူးခြင်း ရှိ မရှိ စိစစ်ရန်။

(ဆ) **ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဝင်းခန့်<br>အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးညွန့်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးကျော်တင်ရှိန်<br>ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ ကျော်ဦးလွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးဟန်ဝင်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးသင့်မြတ်သူ<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဝင်းကျော်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးနေလင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၉) ဒေါ်စန်းစန်းအေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၁၀) ဦးမောင်မောင်အောင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
ကုန်းလမ်းပို့ဆောင်ရေး

(၁၁) ဦးအောင်သူလတ် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့မီးရထား

(၁၂) ရဲမှူးကြီး သိန်းဦး — အဖွဲ့ဝင်
ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး
နေပြည်တော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၃) ဦးကျော်ဦး — အဖွဲ့ဝင်
ဌာနခွဲမန်နေဂျာ (အရောင်း)
မြန်မာအမျိုးသားလေကြောင်း

(၁၄) ဦးတင်ထွန်းအောင် — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ် (အော်တိုဖုန်း)
မြန်မာ့ဆက်သွယ်ရေး

(၁၅) ဦးမြင့်ဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(၁၆) ဦးကျော်သီဟ — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
ကုန်းလမ်းပို့ဆောင်ရေး

(၁၇) ဦးစိုးကြီး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)
(နေပြည်တော်)

(၁၈) ဦးသူရိန်ဝင်း — အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး

( ဈ ) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၏ ရုံးလုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော ရုံးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(၂) ပြိုင်ပွဲအကြိုကာလတွင် ဆပ်ကော်မတီရုံးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး (နေပြည်တော်)၊ ရုံးအမှတ် (၂၉) တွင် ဖွင့်လှစ်ထားရှိရန်၊

(၃) ပြိုင်ပွဲမကျင်းပမီ ရက်သတ္တပတ်ကြိုတင်၍ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီရုံးကို ပြိုင်ပွဲဝင်များတည်းခိုမည့် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ နေပြည်တော်တွင် ဖွင့်လှစ်ထားရှိရန်၊

(၄) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ရုံးအဖွဲ့ဝင်များ၊ ယာဉ်မောင်းများ၊ စက်ပြင်အဖွဲ့များ၊ ယာဉ်ကြီးကြပ်သူများ၊ ဆက်သွယ်ရေးဝန်ထမ်းများကို စခန်းဝင်သည့်နေ့မှစ၍ စခန်းရုပ်သိမ်းသည့်နေ့အထိ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီမှ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ ကျွေးမွေးစေရေးအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၅) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၏ ငွေစာရင်းရှင်းတမ်းနှင့် ဆပ်ကော်မတီ၏ အစီရင်ခံစာမူကြမ်း ပြုစုတင်ပြရန်၊

(၆) ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၏လုပ်ငန်းများအဆင်ပြေစေရေးနှင့်ရုံးလုပ်ငန်းများဆက်သွယ်ရေး လွယ်ကူစေရန်အတွက် ရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်၊

(၇) ဖိတ်ကြားမည့်ဧည့်သည်တော်များ၏ အမည်စာရင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူပြုစု၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၈) ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ဖိတ်ကြားလွှာ၊ ဒီဇိုင်းပုံစံများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(၉) ဖိတ်ကြားရေးနှင့် ပန်ကြားလွှာများကို သတ်မှတ်အရေအတွက်အတိုင်း ကြိုတင်အပ်နှံရန်၊

(၁၀) ဖိတ်ကြားလွှာများကို ဧည့်သည်တော်များထံသို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ရန်၊

(၁၁) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအတွက် နေရာချထားမှုပုံစံ ရေးဆွဲနိုင်ရေးအတွက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီနှင့် ညှိနှိုင်းရေးဆွဲ၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရန်၊

(၁၂) ဖိတ်ကြားမည့်ဧည့်သည်တော်များအမည်စာရင်းအားတင်ပြကာရင်ထိုးတံဆိပ်နှင့်ယာဉ်ဝင်ခွင့်များကို လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီမှ ထုတ်ယူရန်၊

(၁၃) အခမ်းအနားသို့ တက်ရောက်လာမည့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ကြိုဆို၍ သတ်မှတ်နေရာများတွင် နေရာချထားပေးရန်၊

(၁၄) တိုင်းဒေသကြီး/ ပြည်နယ်များမှ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာမည့် ပြိုင်ပွဲဝင်များအား ကြိုဆိုနိုင်ရေးနှင့် အခြားဆပ်ကော်မတီအသီးသီးမှ တောင်းခံလာမည့် သယ်ယူပို့ဆောင်ရေး လိုအပ်ချက်အတွက်ယာဉ်များ (ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ကုန်တင်ယာဉ်) စသည်တို့ ကြိုတင်လျာထား၍ ယာဉ်များရရှိရေးနှင့် စက်သုံးဆီများ ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၅) နေ့စဉ်ပြိုင်ပွဲကျင်းပရေး နေရာများသို့ အသွား/အပြန်၊ ကြို/ပို့နိုင်ရေးနှင့် မြို့တွင်းလေ့လာရေး ခရီးစဉ်များ ပို့ဆောင်နိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(၁၆) အကဲဖြတ်ဒိုင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ ကြိုဆိုပို့ဆောင်နိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်၊

(၁၇) ပြိုင်ပွဲဝင်များမြို့တွင်းသို့ သွားလာရေး လွယ်ကူစေရန်အတွက် အငှားယာဉ်စခန်းဖွင့်လှစ်ပေးရန်၊

(၁၈) ကော်မတီ/ ဆပ်ကော်မတီများမှ လိုအပ်သောယာဉ်များ တောင်းခံလာမှုအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတို့၏ သုံးစွဲခွင့်ပြုချက်အတိုင်းစီစဉ်ပေးရန်၊

(၁၉) ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုပွဲအခမ်းအနားများသို့ ပြိုင်ပွဲဝင်များတက်ရောက်နိုင်ရေးအတွက် ပို့ဆောင်ပေးရန်၊

(၂၀) ပြိုင်ပွဲဝင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ အချိန်မီပို့ဆောင်ပေးရန်၊

(၂၁) အကဲဖြတ်ဒိုင်များအား ပြိုင်ပွဲကျင်းပရာနေရာများသို့ အချိန်မီရောက်ရှိရေးအတွက် ယာဉ်များ စီစဉ်ဆောင်ရွက်ပေးရန်၊

(၂၂) ပြိုင်ပွဲဝင်များ မြို့တွင်းသွားလာရေးလွယ်ကူစေရန် မော်တော်ယာဉ်လိုင်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂၃) အကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်များ အပြန်ခရီးအတွက် လေဆိပ်၊ ဘူတာ၊ မော်တော်ယာဉ်ဂိတ်များသို့ ပို့ဆောင်ပေးခြင်းကို ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၂၄) ကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ အခမ်းအနားသုံးပစ္စည်းများ သိမ်းဆည်းရန် လိုအပ်သည့် ကုန်တင်ယာဉ်များ စီစဉ်ပေးရန်၊

(၂၅) ပြိုင်ပွဲပြီးဆုံးပါက ပြိုင်ပွဲဝင်များနေရပ်သို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် မော်တော်ယာဉ်လက်မှတ်များ ကြိုတင်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊

(၂၆) ပြိုင်ပွဲဝင်များ အပြန်ခရီးအဆင်ပြေချောမွေ့စေရန် မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထား၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မော်တော်ယာဉ်လိုင်းတို့မှ လက်မှတ်ရောင်းအဖွဲ့များအား ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်စေလျက် ကြိုတင်လက်မှတ်များ ဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(၂၇) ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တောင်းခံလာသည့် စက်သုံးဆီပမာဏအား ဆောင်ရွက်မည့်လုပ်ငန်းတာဝန်နှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ သတ်မှတ်မည့်ဆီဈေးနှုန်းများနှင့် ညှိနှိုင်းတွက်ချက်ပြီး ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၏စိစစ်ချက်ဖြင့် စက်သုံးဆီလိုအပ်ချက်များ တွက်ချက်တင်ပြရန်၊

(၂၈) စက်သုံးဆီလိုအပ်ချက်များအား ကြိုတင်ဝယ်ယူခွင့်ရရှိရေးအတွက် နာယကကြီးဦးစီးသော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့တင်ပြရန်၊

(၂၉) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ သုံးစွဲခွင့်ပြုချက်ရရှိပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထားဝယ်ယူစုဆောင်း၍ ပြိုင်ပွဲကာလတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီခွင့်ပြုချက်အရ စနစ်တကျထုတ်ပေးသုံးစွဲရန်၊

(၃၀) လိုအပ်သည့် စက်သုံးဆီများအတွက် သုံးစွဲကုန်ကျမည့် ဘဏ္ဍာငွေတွက်ချက်၍ လိုအပ်မည့်ရန်ပုံငွေအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုအတည်ပြုချက်ဖြင့် ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီမှ တောင်းခံရယူပြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ညှိနှိုင်းဝယ်ယူဖြည့်တင်းရေး ဆောင်ရွက်ရန်။

**(ဈ) ဧည့်ခံကျွေးမွေးရေး ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ**

(၁) ဦးလှိုင်ဦး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ဦးမောင်မောင်ကျော် — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(၃) ဒေါက်တာ နိုင်ကြည်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၄) ဒေါက်တာ နန်းဆိုင်ဟွမ် — အဖွဲ့ဝင်
ပါမောက္ခချုပ်
စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)

| | | |
|---|---|---|
| (၅) | ဒေါက်တာ ခင်မောင်ဆင့်<br>ပါမောက္ခချုပ်<br>သစ်တောတက္ကသိုလ် (ရေဆင်း) | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ မာမာဝင်း<br>ပါမောက္ခချုပ်<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း) | အဖွဲ့ဝင် |
| (၇) | ဦးအောင်မြင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ရဲမှူးကြီး ကိုကိုလွင်<br>တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၉) | ဦးမောင်မောင်အောင်<br>အထွေထွေမန်နေဂျာ<br>ကုန်းလမ်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (၁၀) | ဦးဇော်ထွန်း<br>ဌာနမှူး (ဆောက်/ဦး)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ ပြည့်ဖြိုး<br>ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး)<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ရဲမှူးကြီး သိန်းဦး<br>ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်း<br>တပ်မှူး<br>အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း | အဖွဲ့ဝင် |
| (၁၄) | ဦးခင်မောင်စိုး<br>ညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဦးမျိုးဝင်းညွန့်<br>ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဦးတင်ဇော်မြင့်<br>ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဦးကျော်ကျော်ရွှေ<br>ဦးစီးအရာရှိ (ထုတ်လုပ်)<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဦးအောင်အေးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

(၁၉) ဦးမြင့်ထွေး　　တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ည) ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြိုင်ပွဲဝင်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်သူများနှင့် အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြသော ကော်မတီဝင်များ၏ တည်းခိုရေးနှင့် ဧည့်ခံကျွေးမွေးရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) တိုင်းဒေသကြီး/ပြည်နယ်များမှ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်များအား တည်းခိုရန်နေရာများသို့ ကြိုဆိုခြင်း၊ ဧည့်ခံခြင်း၊ နေရာချထားခြင်းတို့ ဆောင်ရွက်ရန်၊

(၃) ရောက်ရှိမည့်ရက်၊ ထွက်ခွာမည့်ရက်၊ လူအင်အား စသည်တို့အား ကြိုတင်သိရှိနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ရန်၊

(၄) လမ်းခရီးတွင် နာမကျန်းဖြစ်လာသော ပြိုင်ပွဲဝင်များအား ဆေးအကာအကွယ်ပေးနိုင်ရေး အတွက် ဆေးအဖွဲ့ (၁) ဖွဲ့စီကို စီစဉ်ထားရှိရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) စားရိပ်သာအတွက် လိုအပ်သော ပရိဘောဂနှင့် မီးဖိုချောင်သုံးပစ္စည်းများအား ကြိုတင် တောင်းခံ၍ အသင့်စီမံထားရှိရန်၊

(၆) ပြိုင်ပွဲဝင်များအား လေဆိပ်၊ ဘူတာရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းတို့မှ ကြိုဆိုရေး၊ အခမ်းအနားများ ဆောင်ရွက်ရန်၊

(၇) သောက်သုံးရေနှင့် နေ့စဉ်အစားအသောက်များ ချက်ပြုတ်ကျွေးမွေးရာတွင် သန့်ရှင်းမှုရှိစေရန် ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်နိုင်ရေးတို့အတွက် ဆရာဝန်နှင့် နေ့စဉ်စစ်ဆေးသွားရန်၊

(၈) နေ့စဉ်ချက်ပြုတ်ကျွေးမွေးမည့် ဟင်းလျာ၊ အချိုပွဲနှင့် လက်ဖက်ရည်တို့ကို နေ့အလိုက် ကျွေးမွေးမှုဇယားရေးဆွဲပြီး ဆောင်ရွက်သွားရန်၊

(၉) ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ဧည့်ခံကျွေးမွေးရေးအတွက် ချက်ပြုတ်မည့် သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၁၀) ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်များအား ဧည့်ခံကျွေးမွေးရာတွင် တည်းခိုဆောင်များအလိုက် ခွဲခြားထားသည့် စားရိပ်သာများတွင် စနစ်တကျကျွေးမွေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၁၁) ကျွေးမွေးဧည့်ခံရာတွင် ပြေပြစ်စွာဆက်ဆံတတ်သူ၊ ကျန်းမာရေးကောင်းမွန်သူ၊ ကူးစက်ရောဂါ ကင်းရှင်းသူများကို တာဝန်ပေးဆောင်ရွက်ရန်၊

(၁၂) ပြိုင်ပွဲကျင်းပရေးအစီအစဉ်အရ ကျွေးမွေးရေးအစီအစဉ်များကို ပြိုင်ပွဲကျင်းပရာနေရာများသို့ လိုအပ်ပါက လိုက်လံကျွေးမွေးနိုင်ရေး စီစဉ်ထားရှိရန်၊

(၁၃) ဂုဏ်ပြုညစာစားပွဲအတွက် တည်ခင်းမည့်အစီအစဉ်များ စီစဉ်ဆောင်ရွက်ရန်၊ အတည်ပြုချက် ရယူရန်၊

(၁၄) ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာသည့်ဖိတ်ကြားထားသောဧည့်သည်တော် များနှင့် ပညာရှင်ကြီးများအား ဧည့်ခံကျွေးမွေးရေးအတွက် သက်ဆိုင်ရာ ကော်မတီနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

**( ဋ ) ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီ**

(၁) ဦးကျော်ထင်　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဒေါက်တာ ကျော်ဦးလွင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(၃) ဦးသန့်စင်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၄) ဦးဟန်ဝင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(၅) ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏလှိုင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း)
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး
ညွှန်ကြားရေးမှူးရုံး

(၆) ဦးဝင်းလွင်စိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရာဖြတ်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၇) ဦးမြတ်သူ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အနုပညာဦးစီးဌာန

(၈) ဒေါ်တင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၉) ဦးမင်းထွဋ် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

(ဥ) ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများ ကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။ **ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး**

(ကက) ဆုချီးမြှင့်နိုင်ရေးအတွက် လိုအပ်သည့် ဆုတံဆိပ်များ၊ ဂုဏ်ပြုကတ်ပြားများ၊ ဖဲကြိုးများ၊ ဓာတ်ပုံဘောင်များကို ကြိုတင်စုဆောင်းဆောင်ရွက်ထားရန်၊

(ခခ) ဆပ်ကော်မတီအသီးသီးမှတင်ပြတောင်းခံလာသောအသုံးစရိတ်များကိုပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပေးရန်။

၂။ **အခမ်းအနားများကျင်းပရေး**

(ကက) ဖိတ်ကြားရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီနှင့်ညှိနှိုင်း၍ဖိတ်ကြားခံရသူများစာရင်းရယူ၍ နေရာများခွဲဝေသတ်မှတ်ပေးရန်၊

(ခခ) အခမ်းအနားအစီအစဉ်များ ရေးဆွဲ၍ အတည်ပြုချက်ရယူရန်၊

(ဂဂ) အခမ်းအနားအတွက် လိုအပ်သော အစီအစဉ်ကြေညာသူများ စီစဉ်ဆောင်ရွက်ပေးရန်၊

(ဃဃ) အခမ်းအနားသို့ တက်ရောက်လာသူများအား နေရာချထားရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(ငင) ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအတွက် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုမှ တိုင်းရင်းသားပေါင်းစုံ၏ ရိုးရာဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးငယ် (၃၂) ဦး၊ အကဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးငယ် (၄၈) ဦးနှင့် ဖဲကြိုးကိုင် မြန်မာအမျိုးသမီးဝတ်စုံဝတ်ဆင်ထားသော အမျိုးသမီးငယ်များအား ရွေးချယ်စိစစ်ခြင်း၊ အခမ်းအနားအထိမ်းအမှတ်ဖဲကြိုး၊ ကတ်ကြေးနှင့် လင်ပန်းများ စီစဉ်ပေးရန်၊

(စစ) အခမ်းအနားများအတွက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ရန်၊

(ဆဆ) ဂုဏ်ပြုတေးသီချင်းဖျော်ဖြေရေးအစီအစဉ်များ စီစဉ်ထားရန်။

( ၃ ) **ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးရဲနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | ဥက္ကဋ္ဌ |
| (၂) | ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဝေ<br>အထွေထွေမန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးဇေယျာ<br>ညွှန်ကြားရေးမှူး (အသံလွှင့်)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၅) | ဒေါ်မိုးသူဇာအောင်<br>ညွှန်ကြားရေးမှူး (ရုပ်မြင်)<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၆) | ဦးစိန်ဦး<br>အင်ဂျင်နီယာချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဆင့်<br>ညွှန်ကြားရေးမှူး (ပြန်ဆက်)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးကျော်ငွေ<br>ညွှန်ကြားရေးမှူး<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးဟန်လင်းအောင်<br>ညွှန်ကြားရေးမှူး (သတင်း)<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး<br>တပ်မှူး<br>အမှတ် (၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဗိုလ်မှူးကြီး ဝဏ္ဏလှိုင်<br>ဦးစီးအရာရှိ (ပထမတန်း) ဆက်ဆံရေး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး<br>ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၁၂) | ဦးမိုးကျော်သန်း<br>နိုင်ငံတကာဆက်ဆံရေးမှူး<br>မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (၁၃) | ဦးအောင်မျိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |

(၁၄) ဦးမျိုးမြင့်အောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၁၅) ဦးကြည်ထွန်း — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ဂီတ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခ) ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပတ်သက်သော သတင်းများအား သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးရန်၊

(၂) (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များနှင့် ပြိုင်ပွဲ ပွဲစဉ်သတ်မှတ်ချက်များအား လှုံ့ဆော်ချက်အဖြစ် ပြိုင်ပွဲမဝင်မီ (၂) ပတ်ခန့်အကြို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အဆက်မပြတ် ထုတ်လွှင့်ပေးရန်၊

(၃) (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လှုံ့ဆော်ရေးဆောင်းပါးများအား သတင်းစာ၊ ရေဒီယိုတို့မှ အခါအားလျော်စွာ ဖော်ပြထုတ်လွှင့်ပေးရန်၊

(၄) အဆို၊ အက၊ အရေး၊ အတီး ဒိုင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခန်းအစီအစဉ်ကို ၂ ပတ်ခန့်ကြိုတင်၍ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် အသံသွင်းရိုက်ကူးထုတ်လွှင့်ပေးရန်၊

(၅) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရန် စံပြုထားသောသီချင်းများနှင့် နမူနာရယူရေးနှင့် အစီအစဉ်များအား ပြိုင်ပွဲဝင်များကြိုတင်လေ့လာနိုင်ရန် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် စီစဉ်ထုတ်လွှင့်ပေးရန်၊

(၆) ယခင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ အစီအစဉ်များအား ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပေးရန်၊

(၇) ပိုစတာ၊ နေ့စဉ်သတင်းလွှာမျက်နှာဖုံး နမူနာပုံစံများအားသက်ဆိုင်ရာလုပ်ငန်းအဖွဲ့မှ စုစည်း၍ နာယကအစည်းအဝေးတွင်အချိန်မီတင်ပြခြင်း၊အချိန်မီရိုက်နှိပ်ခြင်းစိုက်ထူရေးဆောင်ရွက်ရန်၊

(၈) ပိုစတာများကို သက်ဆိုင်ရာလှုံ့ဆော်ပိုစတာများ စိုက်ထူရေးလုပ်ငန်းအဖွဲ့က သတ်မှတ်နေရာများတွင် ယခင်နှစ်သိမ်းဆည်းထားသော ဆယ်တင်ပစ္စည်းများဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီ စိုက်ထူပြီးစီးရေး ဆောင်ရွက်ရန်၊

(၉) ဆပ်ကော်မတီအသီးသီး၏ လှုပ်ရှားမှုများ၊ ဆောင်ရွက်ချက်များအား သတင်းထုတ်ပြန်ရေး ဆောင်ရွက်ရန်၊

(၁၀) ပြိုင်ပွဲစတင်ကျင်းပသည့်နေ့တွင် နေ့စဉ်သတင်းလွှာ စတင်ဖြန့်ချိနိုင်ရေးအတွက် နေ့စဉ်သတင်းလွှာထုတ်ဝေရေး လုပ်ငန်းအဖွဲ့က ကြိုတင်ဆောင်ရွက်ရန်၊

(၁၁) ပြိုင်ပွဲသတင်းများအား နေ့စဉ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် ဦးစားပေးဖော်ပြထုတ်လွှင့်ပေးရန်၊

(၁၂) နေ့စဉ်ပြိုင်ပွဲ ယှဉ်ပြိုင်ပုံများအား စုစည်း၍ သီးခြားအစီအစဉ်အဖြစ် မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်များအပြီး၌ ဆက်လက်ထုတ်လွှင့်ပေးရန်၊

(၁၃) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲဝင်ပုံများကို မှတ်တမ်းအဖြစ် ကူးယူလိုပါက ထိုက်သင့်သော တိပ်ခွေဖိုး၊ ကူးယူခရယူပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနတို့မှ ကူးပေးရန်၊

(၁၄) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမဆုရသူများကို ရုပ်မြင်သံကြားစတူဒီယိုတွင် မှတ်တမ်းတင်ရိုက်ကူးနိုင်ရေး ဆောင်ရွက်ရန်၊

(၁၅) ပြိုင်ပွဲကျင်းပပြုလုပ်အောင်မြင်မှု မှတ်တမ်းစာအုပ် ပြုစုထုတ်ဝေနိုင်ရေးနှင့် သတ်မှတ်ချိန်အမီ ဖြန့်ချိနိုင်ရေးအတွက်မှတ်တမ်းစာအုပ်ထုတ်ဝေရေးလုပ်ငန်းအဖွဲ့ကဆက်လက်ဆောင်ရွက်ရန်၊

(၁၆) ပြိုင်ပွဲကာလအတွင်း ဆောင်ရွက်ချက်များကို မြန်မာ့သတင်းစဉ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ မှတ်တမ်းတင်ရိုက်ကူးထားခြင်းနှင့် လိုအပ်ပါက ဓာတ်ပုံအယ်လ်ဘမ် ပြုစုပေးရန်၊

(၁၇) ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသူများနှင့် တွေ့ဆုံ၍ ရင်တွင်းစကားများမှတ်တမ်းတင်ရန်၊

(၁၈) ယှဉ်ပြိုင်သူများ အငြင်းမပွားစေရန် ယှဉ်ပြိုင်နေမှုများကို ရုပ်မြင်ကင်မရာများ၊ အသံသွင်းတိပ်ခွေများဖြင့်မှတ်တမ်းတင်ရိုက်ကူးမှုကိုပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီနှင့်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာ အေးထွန်း<br>ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ ထွန်းတင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ မိုးခိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ သိင်္ဂီဇင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ရုံးချုပ်)<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဗိုလ်မှူးကြီး မျိုးဦး<br>ဌာနမှူး (ကျန်းမာ/ဆေးခံ)<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာ သီရိနွယ်<br>နေပြည်တော်ကုသရေးဦးစီးဌာနမှူး<br>ပြည်ထောင်စုနယ်မြေ-နေပြည်တော် | အဖွဲ့ဝင် |
| (၇) | ဒေါက်တာ ဆန်းလွင်ဦး<br>ဆေးရုံအုပ်ကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) | အဖွဲ့ဝင် |
| (၈) | ဦးသန်းထိုက်အောင်<br>ဌာနမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဦးမြင့်ထွန်းဟန်<br>ညွှန်ကြားရေးမှူး (စီမံ)<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |

(၁၀) ဒေါ်စန်းစန်းအေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံ)
အနုပညာဦးစီးဌာန

(၁၁) ဒေါက်တာ ထိန်ဝင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ရောဂါဗေဒ)
နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)

(၁၂) ဒေါက်တာ ထွန်းမြင့်အေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ကုသရေး)
တိုင်းရင်းဆေးပညာဦးစီးဌာန

(၁၃) ဒေါက်တာ မြတ်ဝဏ္ဏစိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ကုသရေးဦးစီးဌာန

(တ) ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပြိုင်ပွဲများကျင်းပရာတွင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကူးစက်ရောဂါ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) ပြိုင်ပွဲများ ကျင်းပမည့်နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လိုအပ်ပါက ပိုးသတ်ဆေးများ ဆေးဖျန်းဆောင်ရွက်ရန်နှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ကြိုတင် ဆောင်ရွက်ရန်၊

(၃) သောက်သုံးရေသန့်ရှင်းရေး စစ်ဆေးကြီးကြပ် ဆောင်ရွက်ရန်နှင့် ဧည့်သည်တော်များအား ကျွေးမွေးမည့်အစားအသောက် နမူနာများရယူ၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန်၊

(၄) အစားအစာ ကိုင်တွယ်ချက်ပြုတ်မည့်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ပြုလုပ်ရန်၊

(၅) ပြိုင်ပွဲကျင်းပမည့်နေရာနှင့် ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာများတွင် ရောင်းချမည့်အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်စေရေး စစ်ဆေးဆောင်ရွက်ရန်၊

(၆) ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လိုအပ်ပါက ဆေးကုသမှုပေးခြင်းနှင့် လူနာလွှဲပြောင်းကုသပေးနိုင်ရေးအတွက် ဆေးအဖွဲ့များနှင့် လူနာတင်ယာဉ်များ ထားရှိဆောင်ရွက်ရန်၊

(၇) ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ ဖြစ်ပွားပါက ကူးစက်မှုမပြန့်ပွားစေရေးအတွက် အချိန်မီကုသခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရန်၊

(၈) ပြိုင်ပွဲဝင်များ တည်းခိုမည့် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်) နေရာတွင် ဆရာဝန်၊ သူနာပြုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပါဝင်သော အနောက်တိုင်းဆေးခန်း (၃) ခန်း၊ တိုင်းရင်းဆေးခန်း (၃) ခန်းစီ ဖွင့်လှစ်ကုသပေးခြင်းနှင့် လူနာတင်ယာဉ်ထားရှိရေးဆောင်ရွက်ရန်၊

(၉) အသက်အရွယ်ကြီးရင့်သူ အနုပညာရှင်များအတွက် ကျန်းမာရေးကြိုတင်စစ်ဆေးပေးရန်နှင့် လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးရန်၊

(၁၀) နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) နှင့် ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့တို့တွင် အတွင်းလူနာများ တက်ရောက်ကုသနိုင်ရေးနှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသင့်ကြိုတင်ပြင်ဆင်ထားရှိရန်၊

(၁၁) အခြားဆပ်ကော်မတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်။

(ထ) **လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ**

(၁) ဒေါ်နိုင်သက်ဦး — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၂) ဒေါ်မြဇင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၃) ဒေါ်အေးပုလဲဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၄) ဒေါ်ခိုင်ခိုင်ငြိမ်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၅) ဒေါ်ငြိမ်းငြိမ်းဝင်း — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

( ဒ ) လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ငွေကြေးကိုင်တွယ်သုံးစွဲသည့် ဆပ်ကော်မတီများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအခမ်းအနား ကျင်းပပြီးဆုံးသည့်နေ့မှ ရက်ပေါင်း (၆၀) ရက်အတွင်း ဆပ်ကော်မတီများအလိုက် လုပ်ငန်းစီမံချက်များ၊ အသုံးစရိတ်ခန့်မှန်းခြေစာရင်းများ၊ အသုံးစရိတ်ရှင်းတမ်းများ၊ အသုံးစရိတ်ပြေစာမူစာရင်းများ၊ ပြေစာများနှင့် စပ်လျဉ်းသည့် အထောက်အထား၊ ငွေစာရင်းစာအုပ်နှင့် ပစ္စည်းမှတ်တမ်းများကို စာရင်းစစ်ဆေးရေး ဆပ်ကော်မတီထံ ပေးပို့ရမည်ဖြစ်ပါသည်။ စာရင်းစစ်ဆေးရေးဆပ်ကော်မတီရုံးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် (၁၂) နေပြည်တော်တွင် ဖွင့်လှစ်ထားမည်ဖြစ်ခြင်း၊

(၂) ဝင်ငွေရရှိသည့် ဆပ်ကော်မတီများ၏ ငွေစာရင်းရှင်းတမ်းများပါ ဝင်ငွေများသည် ငွေလက်ခံဖြတ်ပိုင်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ငွေလက်ခံဖြတ်ပိုင်း၊ ငွေလက်ခံဖြတ်ပိုင်းမှတ်တမ်းစာအုပ်များကိုပါ တင်ပြရန်ဖြစ်ခြင်း၊

(၃) ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီမှ ခွင့်ပြုသည့် ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်ခန့်မှန်းခြေငွေစာရင်းများ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီမှ ထုတ်ပေးငွေနှင့် ဆပ်ကော်မတီများမှ ထုတ်ယူရရှိမှု၊ အမှန်သုံးစွဲမှုနှင့် ဆက်စပ်စစ်ဆေးခြင်း၊

(၄) ဆပ်ကော်မတီများ၏ ငွေထုတ်ယူမှုများတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ သို့မဟုတ် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက် ရှိ မရှိ စစ်ဆေးခြင်း၊

(၅) ဆပ်ကော်မတီများ၏ အသုံးစရိတ်ရှင်းတမ်းများပါ သုံးစွဲထားသော ငွေများအတွက် အသုံးစရိတ်ပြေစာ (မူရင်း) များ ပြည့်စုံစွာပါဝင်မှုနှင့် အသုံးစရိတ်အတွက် ခွင့်ပြုပိုင်ခွင့်ရှိသူက ခွင့်ပြုထားမှုအခြေအနေများကို စစ်ဆေးခြင်း၊ (အသုံးစရိတ်ပြေစာပေါ်တွင် ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၏ ခွင့်ပြုလက်မှတ် သို့မဟုတ် ယင်းတို့မှ တာဝန်အပ်နှင်းထားသူ၏ ခွင့်ပြုလက်မှတ်ပါရှိရန် လိုအပ်ပါသည်။)

(၆) အချို့ဆပ်ကော်မတီများသည် ဦးစီးကော်မတီ၏ ခွင့်ပြုငွေမှ သုံးစွဲမှုအပြင် သက်ဆိုင်ရာဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေမှ သုံးစွဲမှုများရှိပါက အသုံးစရိတ်ရှင်းတမ်းနှင့် အသုံးစရိတ်ပြေစာ အထောက်အထားများကိုသီးခြားပြုစုထိန်းသိမ်းထားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(၇) ထုတ်ယူသုံးစွဲငွေများသည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီတို့၏ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(၈) သတ်မှတ်ထားသည့် အခွန်အခများကို ပေးသွင်းထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၉) ပိုလျှံငွေများပေါ်ပေါက်ပါက အချိန်မီ ပြန်လည်အပ်နှံပေးသွင်းထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၁၀) ဘဏ်သွင်းငွေ၊ ထုတ်ငွေများအတွက် သက်ဆိုင်ရာဘဏ်ရှိ ဘဏ်လယ်ဂျာများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(၁၁) မူလခန့်မှန်းခြေစာရင်းပါ သုံးစွဲရန် ခန့်မှန်းတင်ပြထားသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ ဈေးနှုန်းများနှင့် အမှန်ကျခံသုံးစွဲမှု အခြေအနေကို စစ်ဆေးခြင်း၊

(၁၂) လက်ကျန်ပစ္စည်းများနှင့် ဆယ်တင်ပစ္စည်းများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းမှုနှင့် ဆက်လက်အသုံးပြုနိုင်သည့် ပစ္စည်းများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံထားမှု အခြေအနေကို စစ်ဆေးခြင်း၊

(၁၃) ငွေစာရင်း၊ ပစ္စည်းစာရင်းနှင့် မှတ်တမ်းများတွင် တာဝန်ခံကြီးကြပ်သူမှ အတည်ပြုလက်မှတ်ပြည့်စုံစွာ ရေးထိုးထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(၁၄) စာရင်းစစ်ဆေးခြင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(၁၅) ဆပ်ကော်မတီအသီးသီး၏ အသုံးစရိတ်များနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များကို ရှင်းတမ်းများပြည့်စုံစွာ လက်ခံရရှိပြီးနောက် သုံးလအတွင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီထံ အစီရင်ခံတင်ပြခြင်း။

**( ဓ ) တည်းခိုရေးနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီ**

(၁) ဗိုလ်မှူးကြီး စိန်လင်း — ဥက္ကဋ္ဌ
ဦးစီးဗိုလ်မှူးကြီး (စစ်ထောက်)
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၂) ဒေါက်တာ နန်းဆိုင်ဟွမ် — ဒုတိယဥက္ကဋ္ဌ
ပါမောက္ခချုပ်
စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)

(၃) ဦးဌေးအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

(၄) ဒေါက်တာ နိုင်ကြည်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန

(၅) ဒေါက်တာ မာမာဝင်း — အဖွဲ့ဝင်
ပါမောက္ခချုပ်
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

(၆) ဒေါက်တာ ခင်မောင်ဆင့် — အဖွဲ့ဝင်
ပါမောက္ခချုပ်
သစ်တောတက္ကသိုလ်

(၇) ဒုတိယဗိုလ်မှူးကြီး အောင်အောင်လွင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း) (လုပ်ငန်း/ဖြည့်တင်း/ ထိန်းသိမ်း)
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၈) ဒုတိယဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် — အဖွဲ့ဝင်
တပ်နယ်မှူး
အမှတ် (၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း

(၉) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(၁၀) ဒုတိယဗိုလ်မှူးကြီး အောင်ကိုလတ် — အဖွဲ့ဝင်
တပ်ရင်းမှူး
အမှတ် (၉၃၅) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း

(၁၁) ဒုတိယဗိုလ်မှူးကြီး အောင်နိုင်ထူး — အဖွဲ့ဝင်
တပ်ရင်းမှူး
အမှတ် (၉၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း

(၁၂) ဒုတိယဗိုလ်မှူးကြီး မော်သူရိန် — အဖွဲ့ဝင်
တပ်ရင်းမှူး
အမှတ် (၂) စစ်လက်နက်ပစ္စည်းတပ်ရင်း

(၁၃) ဒေါ်မိမိသက် — အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပုဗ္ဗသီရိမြို့နယ်

(၁၄) ဗိုလ်မှူး မင်းသူအောင် — အဖွဲ့ဝင်
တပ်မှူး
အမှတ် (၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ

(၁၅) ဦးကျော်ဇင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(၁၆) ဆေးရုံအုပ်ကြီး — အဖွဲ့ဝင်
ပြည်သူ့ဆေးရုံ
ပုဗ္ဗသီရိမြို့နယ်

(၁၇) ဒုတိယဗိုလ်မှူးကြီး နေလင်းထွန်း — အတွင်းရေးမှူး
တပ်မှူး
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

(၁၈) ဗိုလ်ကြီး မင်းခန့်ဦး — တွဲဖက်အတွင်းရေးမှူး
တည်းခိုရေးအရာရှိ
အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း

( န ) တည်းခိုရေးနေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **တည်းခိုနေရာအုပ်ချုပ်ရေး**

(ကက) တည်းခိုရေးစခန်းရှိ တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ၊ ပြည်နယ်များမှ ဆုရရှိသူများ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ကြီးကြပ်သူများနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ကျသူများအား စနစ်တကျနေရာချထားရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ ခ) တည်းခိုရေးစခန်း အုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များထုတ်ပြန်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဂ ဂ) တည်းခိုဆောင်များအလိုက် အဆောင်မှူးများ၊ ကြီးကြပ်ရေးမှူးများထားရှိ၍ ကူညီဆောင်ရွက်ပေးရန်၊

(ဃဃ) မြို့တွင်းသို့ သွားရောက်လည်ပတ်ခြင်း၊ မိဘဆွေမျိုးများနှင့် တွေ့ဆုံခြင်းများအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးရန်၊

(င င) တည်းခိုဆောင်များတွင် ရောင်စုံရုပ်မြင်သံကြားစက်များ၊ သတင်းစာများထားရှိရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(စ စ) ယာယီဆက်သွယ်ရေးစခန်းများ ရရှိရေးညှိနှိုင်းဆောင်ရွက်ရန်၊

(ဆဆ) ပြိုင်ပွဲဝင်များ သက်သာချောင်ချိရေးအတွက် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ ဆံသဆိုင်၊ အလှပြင်ဆိုင်၊ ဒိုဘီဆိုင်၊ ဓာတ်ပုံဆိုင်နှင့် စာအုပ်ဆိုင်များ ဖွင့်လှစ်ပေးရန်၊

(ဇ ဇ) အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဈ ဈ) ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ပေးရန်နှင့် သွားလာပို့ဆောင်ရေးကို ကြီးကြပ်ရန်၊

(ညည) ရေနှင့် လျှပ်စစ်မီးဆိုင်ရာတာဝန်ခံများကို (၂၄) နာရီ တာဝန်ချထားရန်၊

(ဋ ဋ) ပြိုင်ပွဲဝင်များ သိသင့်သည့် သတင်းများကို အချိန်မီထုတ်ပြန်ပေးရန်၊

(ဌ ဌ) ကျန်းမာရေးစောင့်ရှောက်ကာကွယ်မှုအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဍ ဍ) တည်းခိုဆောင်များတွင် လိုက်နာရန် စည်းကမ်းချက်များရေးသား၍ တည်းခိုဆောင် အလိုက် ကြော်ငြာဘုတ်များတွင် ချိတ်ဆွဲထားရန်။

(၂) **ပြိုင်ပွဲကျင်းပမည့်နေရာအုပ်ချုပ်ရေး**

(ကက) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ကြီးကြပ်သူများနှင့် အခြားအဖွဲ့အစည်းမှ တာဝန်ကျသူများအား စနစ်တကျနေရာ ချထားရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ ခ) အုပ်ချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဂ ဂ) ပြိုင်ပွဲကျင်းပသည့်နေရာများအလိုက် တာဝန်ခံများ၊ ကြီးကြပ်ရေးမှူးများ ထားရှိကူညီ ဆောင်ရွက်ပေးရန်၊

(ဃဃ) ယာယီဆက်သွယ်ရေးစခန်းများ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(င င) အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက် ပေးရန်၊

(စ စ) ပြိုင်ပွဲဝင်များ သက်သာချောင်ချိရေးအတွက် စားသောက်ဆိုင်များ ဖွင့်လှစ်ပေးရန်၊

(ဆဆ) ယာဉ်ရပ်နားရန်နေရာ သတ်မှတ်ပေးရန်နှင့် သွားလာပို့ဆောင်ရေးကို သက်ဆိုင်ရာ ကော်မတီနှင့် ညှိနှိုင်းကြီးကြပ်ပေးရန်၊

(ဇ ဇ) ရေနှင့် လျှပ်စစ်ပစ္စည်းဆိုင်ရာ တာဝန်ခံများကို (၂၄) နာရီတာဝန်ချထားရန်၊

(ဈ ဈ) ကျန်းမာရေးစောင့်ရှောက်ကာကွယ်မှုအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

ကိုကို
ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ
(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊
အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးအား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့တိုးမြှင့်ခန့်ထားပြီး ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ ဒေသများသို့တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | လက်ရှိတာဝန်ကျဒေသ | တိုးမြှင့်ရာထူး၊ ပြောင်းရွှေ့ဒေသ |
|---|---|---|---|
| (၁) | ဦးကျော်မျိုးသူ<br>ဒုတိယညွှန်ကြားရေးမှူး | ရုံးချုပ်၊ စီမံကိန်းရေးဆွဲ<br>စိစစ်သုံးသပ်ရေးဌာနခွဲ | တာဝန်ခံ<br>ရုံးချုပ်၊ သကြားထွက်သီးနှံဌာနခွဲ |
| (၂) | ဦးဝင်းထိန်<br>ဒုတိယညွှန်ကြားရေးမှူး | နေပြည်တော်ကောင်စီနယ်မြေ<br>တိုင်းဦးစီးမှူးတာဝန် | တိုင်းဦးစီးမှူး<br>နေပြည်တော်ကောင်စီနယ်မြေ |

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာမြို့ပြအင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (ရေဘက်ဆိုင်ရာမြို့ပြအင်ဂျင်နီယာလုပ်ငန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာနခွဲ |
|---|---|---|---|
| (က) | ဦးကျော်စိုး (၂) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်နယ်ဦးစီးမှူးရုံး၊<br>ဒေသ (၈) မော်လမြိုင်မြို့ | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဦးစီးမှူးရုံး၊<br>ဒေသ (၈) မော်လမြိုင်မြို့ |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာနခွဲ |
|---|---|---|---|
| ( ခ ) | ဦးဆောင်ဒိုင်း | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီနယ်မြေ၊<br>ဒေသခွဲ (၄)<br>နေပြည်တော် (တွဲဖက်) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဦးစီးမှူးရုံး၊ ဒေသ (၇)<br>စစ်တွေမြို့ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးခင်မောင်ဦး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော အင်ဂျင်နီယာချုပ် (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၀၅/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာနခွဲ |
|---|---|---|---|
| (က) | ဦးမင်းသိန်းစိုး | လ/ထ အထွေထွေမန်နေဂျာ<br>(မြို့ပြ)<br>မြို့ပြအင်ဂျင်နီယာဌာန၊<br>တံတားနှင့် ပစ္စည်းဌာနစိတ်(ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)<br>မြို့ပြအင်ဂျင်နီယာဌာန၊<br>တံတားနှင့် ပစ္စည်းဌာနစိတ် (ရုံးချုပ်) |
| ( ခ ) | ဦးမင်းချမ်းမွန် | လ/ထ အထွေထွေမန်နေဂျာ<br>မြို့ပြအင်ဂျင်နီယာဌာန၊<br>စီမံကိန်းဌာနစိတ် (ရုံးချုပ်) | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ)<br>မြို့ပြအင်ဂျင်နီယာဌာန၊<br>စီမံကိန်းဌာနစိတ် (ရုံးချုပ်) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး

ညွှန်ကြားမှုဦးစီးဌာနမှ စာရင်းကိုင် – ၂၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) ဒေါ်မြင့်မြတ်ငွေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၂) ဖြင့် ဒုတိယဦးစီးမှူးရာထူးမှ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားလိုက်သည့် ဒေါ်တင်တင်ခိုင် သည် ၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ တာဝန်ဝတ္တရားများကို ထမ်းဆောင်ကြောင်းတင်ပြချက်အရ ၎င်းနေ့ရက်မှစ၍ ဦးစီးအရာရှိ ရာထူးတာဝန်ကို စတင်တာဝန်ထမ်းဆောင်စေလိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) တန်း၊ ရုံးအုပ် ဒေါ်ဥမ္မာရီ အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/–) ကို ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်း၊ အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၇) ဦးတို့အား ယင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ ဦးစီးအရာရှိ (ဘဏ္ဍာ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၇၅,၀၀၀/-) ကို ခံစားခွင့်ပြု လိုက်သည်-

| စဉ် | အမည် | လက်ရှိ ရာထူး၊ ဌာန | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်နော်ဂဲဖော | စာရင်းကိုင်-၁<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| ( ခ ) | ဦးဇာနည်မျိုး | စာရင်းကိုင်-၁<br>ဒက္ခိဏခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| ( ဂ ) | ဒေါ်မြမြဌေး | စာရင်းကိုင်-၁<br>ရုံးချုပ်၊ ဘဏ္ဍာရေးဌာန | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| (ဃ) | ဒေါ်နီနီနွယ် | စာရင်းကိုင်-၁<br>မြစ်ကြီးနားမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| ( င ) | ဒေါ်ကျော့မြရီ | စာရင်းကိုင်-၁<br>ရခိုင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| ( စ ) | ဒေါ်ဥမ္မာဝင်း | စာရင်းကိုင်-၁<br>ဟားခါးခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး | ဦးစီးအရာရှိ (ဘဏ္ဍာ) |
| (ဆ) | ဒေါ်စိမ်းမို့မို့ဝင်း | စာရင်းကိုင်-၁<br>ယင်းမာပင်ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး | ဦးစီးအရာရှိ (ဘဏ္ဍာ) |

## အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၅၆/၂၀၂၂) အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လစာနှုန်း (၄၁၈,၀၀၀- ၄,၀၀၀-၄၃၈,၀၀၀) တန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမြင့် အား ပြည်ထောင်စုဝန်ကြီးရုံး၏ လစာနှုန်း (၅၅၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အောင်သန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်)

၁။ အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကဏ္ဍအသီးသီးရှိလုပ်ငန်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆောင်ရွက်ချက်များအပေါ် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN–OSHNET) က စတုတ္ထအကြိမ် ASEAN–OSHNET Excellence Award နှင့် Best Practices Award ဆုများကို ပေးအပ်သွားမည်ဖြစ်ရာ အဆိုပါဆုများရွေးချယ်ရေးနှင့် စပ်လျဉ်း၍ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ဆုရွေးချယ်ရေးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်အရ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး | တာဝန် |
|---|---|---|
| (က) | ဦးတင်ကိုကို<br>ညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါ်ခင်နွေဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးခင်မောင်ကျင်<br>ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာ ကေခိုင်အေး<br>ညွှန်ကြားရေးမှူး<br>လုပ်ငန်းခွင် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးဖြိုးဝေဇော်<br>ဒုတိယညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | တာဝန် |
|---|---|---|
| ( စ ) | ဦးစိုးညီညီ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ မင်းသန်းညွန့်<br>ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန<br>ပြင်ပကျွမ်းကျင်သူ | အဖွဲ့ဝင် |
| ( ဇ ) | ဦးကျော်ကျော်ထွန်း<br>ညွှန်ကြားရေးမှူး<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ဆုရွေးချယ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပါဝင်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံများမှ သိရှိနိုင်ရေး သတင်းစာမှဖြစ်စေ၊ အခြားမီဒီယာမှဖြစ်စေ ထည့်သွင်းကြော်ငြာခြင်း၊

( ခ ) ပါဝင်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံများမှ ပြိုင်ပွဲဝင်လျှောက်လွှာများကို လက်ခံခြင်းနှင့် စိစစ်ခြင်း၊

( ဂ ) ဆုအမျိုးအစားအလိုက် စိစစ်ရွေးချယ်မည့် နည်းလမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရေးဆွဲပြုစုခြင်း၊

(ဃ) ပါဝင်ယှဉ်ပြိုင်သည့် စက်ရုံများစိစစ်ရွေးချယ်ရေးနည်းလမ်းများနှင့်အညီ ပဏာမအဆင့် ရွေးချယ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

( င ) ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်အပေါ် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဆုအမျိုးအစားလိုက် အပြီးသတ် အမှတ်ပေးရွေးချယ်ခြင်း။

**(ဝန်ကြီးရုံး)**

အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

**ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌ အစားထိုးခန့်အပ်ခြင်း**

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၂၄၅/၂၀၂၁) ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၏ဥက္ကဋ္ဌ ဦးချစ်ပေါ် **အစား** ဒေါ်လွင်လွင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၉/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၂) အရ ဆရာအတတ်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခဲ့သော ဒေါ်နှင်းကြည် သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ညနေပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ စာအမှတ် အုပ်ချုပ်မှု (တိုးမြှင့်)/ ၂၀၂၂ (၁၈၆၇) အရ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးများတွင် ညွှန်ကြားရေးမှူးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ယှဉ်တွဲပါနေ့ရက်များတွင် စတင်ထမ်းဆောင်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | စတင်ထမ်းဆောင်သည့်နေ့ |
|---|---|---|---|
| (က) | ဦးကြည်စိန် | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပညာရေးမှူးရုံး<br>ကချင်ပြည်နယ် | (၁၀-၃-၂၀၂၂)<br>နံနက်ပိုင်း |
| (ခ) | ဒေါက်တာ ကျော်လွင် | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပညာရေးမှူးရုံး<br>ကယားပြည်နယ် | (၅-၃-၂၀၂၂)<br>နံနက်ပိုင်း |
| (ဂ) | ဒေါ်နန့်စယ်လီလှိုင် | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပညာရေးမှူးရုံး<br>ကရင်ပြည်နယ် | (၇-၃-၂၀၂၂)<br>နံနက်ပိုင်း |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇၅/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမြင့်လွင် အား အဆင့်မြင့်ပညာဦးစီးဌာန၊ ပဲခူးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်ရာထူးကိုရယူလျက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပညာရေးမှူးရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၇၆/၂၀၂၂)

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး (စီမံ) ဌာန (၂)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးခင်မောင်ထွေး အား မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ညွှန်ကြားရေးမှူး (ပညာ) အဖြစ်သို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရာထူးနှင့်အတူ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၀၇၇/၂၀၂၂)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းတက္ကသိုလ်၊ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ပါမောက္ခရာထူးကိုရယူ၍ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ ညွှန်ကြားရေးမှူး (စီမံ)၊ ဌာန (၁)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ခန့်ထားသော ဦးအောင်ဆွေဦး အား နေပြည်တော်တိုင်းပညာရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)၏ ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန၊ အဖွဲ့ (၉) ဌာနတို့အား အရာထမ်းရာထူး (၆၁၆၃၆) နေရာ၊ အမှုထမ်းရာထူး (၇၉၃၉၃၅) နေရာ စုစုပေါင်းရာထူး (၈၅၅၅၇၁) နေရာဖြင့် ပါဝင်၍ ဖွဲ့စည်းထားသော ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအတွင်းမှ အရာထမ်းရာထူး (၁၆) နေရာ၊ အမှုထမ်းရာထူး (၃၈) နေရာဖြင့် ဖွဲ့စည်းထားသော လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) နှင့် အရာထမ်းရာထူး (၁၀) နေရာ၊ အမှုထမ်းရာထူး (၂၂) နေရာဖြင့် ဖွဲ့စည်းထားသော လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) တို့အား ပေါင်းစပ်ပြီး အရာထမ်းရာထူး (၂၅) နေရာ၊ အမှုထမ်းရာထူး (၆၀) နေရာ စုစုပေါင်းရာထူး (၈၅) နေရာပါဝင်သော **လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန** အဖြစ် ပြင်ဆင်ပြီး အရာထမ်းရာထူး (၆၁၆၃၅) နေရာ၊ အမှုထမ်းရာထူး (၇၉၃၉၃၅) နေရာ စုစုပေါင်းရာထူး (၈၅၅၅၇၀) နေရာပါဝင်သော အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန (၈) ခုတို့ဖြင့် ပညာရေးဝန်ကြီးဌာနအား ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီးရုံး

( ခ ) အဆင့်မြင့်ပညာဦးစီးဌာန

( ဂ ) ဆရာအတတ်ပညာဦးစီးဌာန

(ဃ) ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

( င ) အခြေခံပညာဦးစီးဌာန

( စ ) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

(ဆ) မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

( ဇ ) ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန

(ဈ) လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂)၊ အစီအစဉ် (၁၀-က) အစည်းအဝေးဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ဝင်းမြတ်အောင် အား ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၂၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၆၅-နစက/(အမြဲတမ်းအတွင်းဝန်)/(၂၀၂၂)၊ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၂) အရ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး သည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ပူးတွဲထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၃၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။　သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန် ယခင်နိုင်ငံတော်သမ္မတရုံးမှ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်-ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့်

အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ | အဖွဲ့ဝင် |
| (၁၁) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | သက်ဆိုင်ရာဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၁၂) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူး (စီမံ)/ဘဏ္ဍာ | တွဲဖက်အတွင်းရေးမှူး |

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၂) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၄) | သက်ဆိုင်ရာဌာန၏ ဘဏ္ဍာရေးတာဝန်ခံ/ ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအမြဲတမ်းအတွင်းဝန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ် နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယညွှန်ကြားရေးမှူးချုပ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူးချုပ် ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၂) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၃) | ဘာသာရပ်ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၁၄) | သက်ဆိုင်ရာဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီများအနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများကို ယခင်နိုင်ငံတော်သမ္မတရုံးမှ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်-ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဒေါက်တာ မျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၃ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး၊ ဒေါက်တာ ကေသီကျော် အား လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ ဘဏ္ဍာ) ရာထူးနေရာသို့တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၈၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်)

၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ကျင်းပသော ဤရုံး၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ဖြင့် အတည်ပြုချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး ရာထူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်ထားသည့်ရုံး |
|---|---|---|---|---|
| ၁။ | ဦးသိန်းဇော် | ၅၁၃၄ | ရွှေဘိုခရိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်ခင်လင်းရီ | ၁၁၀၇၃ | မန္တလေးတိုင်းဒေသကြီး | စစ်ဆေးရေးဦးစီးဌာန |
| ၃။ | ဒေါ်နီလာ | ၅၆၃၀ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |

ဒေါက်တာ ကံဇော်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)

### နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းရန် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က ဆက်လက်ချီးမြှောက်ရန် အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ (က) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်–

၁။ ဤနည်းဥပဒေများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၃၀။ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့် နေ့ရက်သည် ယင်းဝန်ထမ်းအသက် ၆၂ နှစ် ပြည့်သည့် နေ့ရက်ဖြစ်သည်။"

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၃၃။(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။"

သန်းဆွေ
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

### စည်ပင်သာယာရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) (၂) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ ရာထူး | ဒေသ | တိုးမြှင့်ပေးသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်ခင်နှင်းဖြူ<br>ဒုတိယဦးစီးမှူး | လှည်းကူးမြို့နယ်<br>စည်ပင်သာယာရေးအဖွဲ့ | ဦးစီးအရာရှိ |
| (ခ) | ဒေါ်မြတ်မြတ်မိုး<br>ဒုတိယဦးစီးမှူး | ကျောက်တန်းမြို့နယ်<br>စည်ပင်သာယာရေးအဖွဲ့ | ဦးစီးအရာရှိ |

ဗိုလ်ဌေး
ဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမှတ် ၅၇/၂၀၂၂။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

မျိုးမြင့်နိုင် ကြည်း ၇၈၃၀၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်)

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၁၊ မြို့မရပ်)၊ ဦးပိုင်အမှတ် (၇/က+၇/ခ+၇/ဃ+၁၅) ရှိ **မြေဧရိယာ ၃.၄၅ ဧက** အား **ဇေယျာသုခစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငါးသလောက်ငါးသယံဇာတ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါဧရိယာကို ငါးသလောက်ငါးမျိုးများထိန်းသိမ်းရေးဧရိယာအဖြစ်သတ်မှတ်ပြီး **နှစ်စဉ် ဧပြီလ (၁) ရက်နေ့မှ မေလ (၃၁) ရက်နေ့အထိ** အား ငါးသလောက်ငါးမျိုးများ ဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်လိုက်သည်-

### ငါးသလောက်ငါးမျိုးများထိန်းသိမ်းရေးဧရိယာ တည်ရှိရာအရပ်

| တိုင်းဒေသကြီး/ ပြည်နယ် | တည်နေရာ | သတ်မှတ် ဧရိယာ |
|---|---|---|
| စစ်တောင်းမြစ်ဝထိပ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး ထိစပ်နေသော မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင် | ပွိုင့် (၁) လတ္တီတွဒ် ၁၆ ဒီဂရီ ၃၀ မိနစ် ၀.၈၈၄ စက္ကန့် (မြောက်)<br>လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၃ မိနစ် ၃၅.၆၀၅ စက္ကန့် (အရှေ့)<br><br>ပွိုင့် (၂) လတ္တီတွဒ် ၁၆ ဒီဂရီ ၃၀ မိနစ် ၁.၅၅၁ စက္ကန့် (မြောက်)<br>လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၁ မိနစ် ၅၃.၀၄၃ စက္ကန့် (အရှေ့)<br><br>ပွိုင့် (၃) လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၁၅.၄၄၇ စက္ကန့် (မြောက်)<br>လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၁ မိနစ် ၄၇.၂၇၀ စက္ကန့် (အရှေ့)<br><br>ပွိုင့် (၄) လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၃၁.၇၉၁ စက္ကန့် (မြောက်)<br>လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၅၄.၈၆၈ စက္ကန့် (အရှေ့) | ၆၁၄၉၅၁.၆ ဧက |

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငါးသလောက်ငါးမျိုးများထိန်းသိမ်းရေးအတွက် အောက်ဖော်ပြပါ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၌ မည်သည့်ငါးဖမ်းရေယာဉ်မျှ **နှစ်စဉ် ဧပြီလ (၁) ရက်နေ့မှ မေလ (၃၁) ရက်နေ့အထိကာလအတွင်း** ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်လိုက်သည်-

**တားမြစ်လိုက်သည့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်အတွင်းရှိ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၀ မိနစ်အထိနှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်အထိ (ကမ်းနီးငါးလုပ်ငန်းရေပြင် အပါအဝင် ငါးဖမ်းကွက် အမှတ် D2 နှင့် D3) အတွင်းရှိ ငါးလုပ်ငန်းရေပြင်။

ဝေလင်းမောင်
ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်<br>(၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**အမ်ဆာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

**(MSA Public Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ
ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်အကြွေးများတောင်းခံရန်
သတိပေးခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ ကုမ္ပဏီ၏ရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် –

၁။ ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးသိန်းဌေး (Thein Htay & Associates Audit Firm) (ဘီကွမ်း၊ စီပီအေ၊ ဒီအေတီ၊ ဒီအမ်အေ၊ အေစီပီအေ၊ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း (တရားဝင်တည်ထောင်ထားသော) ၏ အဖွဲ့ဝင် အား စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သောကျွန်ုပ်ထံသို့ (၂၉-၅-၂၀၂၂) နေ့ နောက်ဆုံးထား၍ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအားမြီရှင်ဖြစ်ကြောင်းအထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဦးစစ်တိုင်းအောင်<br>ဒါရိုက်တာ<br>အမ်ဆာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် | ဦးသိန်းဌေး<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ<br>B.Com, CPA, D.A.T, D.M.A, ACPA<br>အမှတ် (၁၆)၊ စမ်းရေတွင်းလမ်း၊<br>စမ်းချောင်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |

## CG TRADING ENTERPRISE (MYANMAR) COMPANY LIMITED

## အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးဆုံးဖြတ်ချက် (General Meeting Resolution) အရ **CG TRADING ENTERPRISE (MYANMAR) COMPANY LIMITED** ကို (၂၈-၄-၂၀၂၂) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သွယ်သွယ်မြ၊ အထက်တန်းရှေ့နေ (စဥ်-၅၃၃၂၄) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်သီရိအောင် | ဒေါ်သွယ်သွယ်မြ |
| Managing Director | LL.B, DCBL |
| CG TRADING ENTERPRISE (MYANMAR) | အထက်တန်းရှေ့နေ (စဥ်-၅၃၃၂၄) |
| COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

## Ayeyar Hinthar Motor Co., Ltd

## (အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

## နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

**Ayeyar Hinthar Motor Co.,Ltd** အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၁၂-၅-၂၀၂၂) ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်မြတ်ထွန်းတာဝါ (ဘီ)၊ အခန်း-၄၀၆၊ (၄) လွှာရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

သောင်းအေး

B.A, CPA, (R.A), D.B.L,D.M.L, D.I.L

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဝိုင်ယာအွန်-၃၉ ကုမ္ပဏီလီမိတက်**

**(WIRED ON 39 COMPANY LIMITED)**

ဖျက်သိမ်းရန်ကြေညာချက်

ကျွန်ုပ်တို့၏ **ဝိုင်ယာအွန်-၃၉ ကုမ္ပဏီလီမိတက်** (**WIRED ON 39 Company Limited**) ကို အစုရှယ်ယာများ၏ သဘောဆန္ဒအရ (၂၅-၄-၂၀၂၂) ရက်က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော အထူး အစည်းအဝေးမှ ဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။ ယင်းအစည်းအဝေး ကပင် ကုမ္ပဏီစာရင်းရှင်းလင်းရေးအရာရှိအဖြစ် ဒေါ်ခိုင်မြတ်ဝေ (တရားလွှတ်တော်ရှေ့နေ) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၃၀-၅-၂၀၂၂) ရက်နေ့ထက် နောက်မကျဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဇော်ဌေး (ခ) ခရတို့ဖာအလတ်ဇန္ဒား
Managing Director
WIRED ON 39 Company Limited
အမှတ် (၁၉၇)၊ (၈) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဒေါ်ခိုင်မြတ်ဝေ
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာ ဟီနိုဒဲ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၉၂၆၇၁၆၃

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၅၇ အရ

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာ ဟီနိုဒဲ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နေ့လယ် (၁၄:၀၀) နာရီအချိန်တွင် ကွန်းပလပ် (၄၅)၊ အခန်းအမှတ် (၆၀၆)၊ ၆-လွှာ၊ (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဒေါ်နွဲ့ယဉ်ဝင်း
B.Com,CPA
စာရင်းရှင်းလင်းရေးအရာရှိ
ကွန်းပလပ် (၄၅)၊ အခန်းအမှတ် (၆၀၆)၊ ၆-လွှာ၊
(၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ရိုင်ရယ် (လ်) အေတီအိပ် (ချ်) ဂရု (ပ်) ကုမ္ပဏီလီမိတက်**

**(ROYAL ATH GROUP COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရိုင်ရယ် (လ်) အေတီအိပ် (ချ်) ဂရု (ပ်) ကုမ္ပဏီလီမိတက် (ROYAL ATH GROUP COMPANY LIMITED)** အား (၂၀.၄.၂၀၂၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကောင်းစည်သူ
မန်နေးဂျင်းဒါရိုက်တာ
ရိုင်ရယ် (လ်) အေတီအိပ် (ချ်) ဂရု (ပ်) ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
B.Com (Q), CPA
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**THE RITZ YANGON COMPANY LIMITED**

Notice Under Section 206 (1) of the Myanmar Companies Act

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the company held on (25–April–2022) the resolution that company was winding–up voluntarily and U Zin Wai (Certified Public Accountant) was appointed as a liquidator was passed on Extraordinary General Meeting Resolution. For above resolution all persons claiming to be creditors of the above company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the liquidator at the address given below at the day on (25–May–2022) or before that day.

MR. BRIAN LINDSAY MARCAR
MANAGING DIRECTOR
THE RITZ YANGON COMPANY LIMITED

U Zin Wai
B.Com (AA), CPA (210)
No. (295), 1st Floor, Anawrahtar Road,
Lanmadaw Township, Yangon.

## HAPPY LAND COMPANY LIMITED

## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **HAPPY LAND COMPANY LIMITED** အား (၂၀.၄.၂၀၂၂) ရက်နေ့မှ စ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သင့်သင့်နွယ်
မန်နေးဂျင်းဒါရိုက်တာ
HAPPY LAND COMPANY LIMITED

ဒေါ်အေးသီတာ
B.Com (Q), CPA
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## LMS COMPANY LIMITED

## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **LMS COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

DAW MAY KYI OO
MANAGING DIRECTOR
LMS COMPANY LIMITED

ဦးဇင်ဝေ
B.Com (AA), CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

# ရွှေစန္ဒာခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်

## (Shwe Sandar Travels and Tours Company Limited)

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ ကုမ္ပဏီ၏ ရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်-

၁။ ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးသိန်းဌေး (Thein Htay & Associates Audit Firm) အား စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှ စ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၈-၅-၂၀၂၂) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာ တင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး အပ်ပါသည်။

| | |
|---|---|
| ဒေါ်သက်စန္ဒာ | ဦးသိန်းဌေး |
| ဒါရိုက်တာ | B.Com, CPA, D.A.T, D.M.A, ACPA |
| ရွှေစန္ဒာခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ် (၁၆)၊ စမ်းရေတွင်းလမ်း၊ |
| | စမ်းချောင်း (မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး။ |